# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ စနေနေ့။ Saturday, 30 November 2024 ၁၁၆၅၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ပြည်တွင်းမှထုတ်လုပ်သည့် တာယာများဖြင့် ပြည်သူများ စျေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်၌ လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိပြီး တာယာနှင့်ကျွတ်များ ထုတ်လုပ်နေမှု၊ တာယာအရည်အသွေး စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစော၊ စက်ရုံမှူးကြီး ဦးကျော်ကျော်စိုးတို့က စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်နေမှု၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**


**နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပ** စာမျက်နှာ » ၁၃

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲများ ကျင်းပ** စာမျက်နှာ » ၁၆

**ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို ကလောင်စွမ်းအားဖြင့် မြှင့်တင်** ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားမြှင့်တင် စီးပွားရေးကောင်းမွန်ရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားသည် စီးပွားရေးဖြစ်သည်။ နိုင်ငံမည်သည့်အခြေအနေရှိသည်ဖြစ်စေ စီးပွားရေးကောင်းမွန်ပါမှ နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့်ကဏ္ဍအားလုံး တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးစနိုင်ငံဖြစ်သည့်အတွက် အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း(၁)၊ ပုဒ်မ ၃၅ တွင် "နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားသည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာလုပ်ကိုင်ခွင့်များ ရရှိလာသည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက် ဈေးကွက်အားနည်းချက်များစွာရှိသည်။ အစိုးရပါဝင်ဆောင်ရွက်နေရသည့် အခန်းကဏ္ဍများရှိသည်။ စီးပွားရေးဖိအားပေးမှု ပိတ်ဆို့မှုများရှိနေသည့်အတွက် စိန်ခေါ်မှုများရှိသည်။ သို့သော် နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဈေးကွက်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်စွာဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ် (၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ဖွံ့ဖြိုးဆဲ တိုင်းပြည်တစ်ခုသည် ဈေးကွက်ဝင်သည့် ကုန်ထုတ်လုပ်မှု မြင့်မားရန် အလွန်အရေးကြီးကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံ ကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ယခုလက်ရှိအခြေအနေထက် ပိုမိုတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာ့စီးပွားရေးအခြေအနေကို ကြည့်မည်ဆိုပါက ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအားပြိုင်မှုများ၊ ကပ်ရောဂါဘေးကျရောက်မှုများ၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးဖြစ်ပေါ်မှုများ၊ ကုန်သွယ်ရေးနှင့် ငွေရေးကြေးရေးဆိုင်ရာပြဿနာများ၊ နည်းပညာပိုင်းဆိုင်ရာ ပြိုင်ဆိုင်မှုများ၊ စွမ်းအင်လုံခြုံရေးအခက်အခဲများ၊ ပြည်တွင်းနှင့် ဒေသတွင်းပဋိပက္ခများ စသည့်စိန်ခေါ်မှုအမျိုးမျိုးတို့ကြောင့် ပထဝီစီးပွားရေးဘက်တွင် ပြည်တွင်းအင်အားများကို အဓိကအားထား၍ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကျင့်သုံးမှုများ ပိုမိုများပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေးပေါင်းယှက်ဖြစ်ပေါ်လာသည့် စီးပွားရေးအကျပ်အတည်းပြဿနာများကို မေခရိုစီးပွားရေးပညာရပ်နှင့် နိုင်ငံရေးဘောဂဗေဒရှုထောင့်တို့ပေါင်းစပ်ပြီး နည်းလမ်းသစ်များဖြင့် လေ့လာသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်လာသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့၏ အားပြိုင်မှုများကြားတွင် အနည်းနှင့်အများ သက်ရောက်ထိခိုက်ခံစားမှုများရှိမည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန် စတင်ယူစဉ်ကတည်းက စီးပွားရေးကဏ္ဍတွင် အဖျက်အမှောင့်၊ ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စီးပွားရေးတွင် တိုးတက်မှုများရရှိလာသည်။ ထိုသို့ဆောင်ရွက်ရာတွင် မျက်မှောက်ကာလဖြစ်ပေါ်နေသော ပထဝီနိုင်ငံရေးအနေအထားများအရ စီးပွားရေးပညာကို စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချနိုင်မှုသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် အင်အားတစ်ရပ်ဖြစ်သည်ကို သတိပြုရန်လိုသည်။ စီးပွားရေးပိတ်ဆို့မှုများရှိနေသေးသည့်အတွက် ထည့်သွင်းစဉ်းစားရမည့် ကိန်းရှင်များစွာရှိနေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်းရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူအားလုံး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့သာမက အဘက်ဘက်၌ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ တန်းတူညီတူရရှိရေး၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အခြေခံအရင်းအမြစ်များဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်နိုင်ရေးတွင် စွမ်းရည်ပြည့်ဝသည့် စီးပွားရေးပညာရပ်များကို ထိရောက်စွာအသုံးချကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ စီးပွားရေးပညာရှင်များ၊ နိုင်ငံ့စီးပွားရေးတွင် ဦးဆောင်နေသူများ၊ ရင်းနှီးမြှုပ်နှံသူများအားလုံးက ကျရာအခန်းကဏ္ဍမှ ခံနိုင်ရည်ရှိစွာ၊ တက်ကြွစွာ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ကြပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားများကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးပိုမိုတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများ၌ ဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်**
**ပိုစတာပြိုင်ပွဲ**

ပထမ - ဦးအောင်စည်သူ
ထုံးပေါက်တော(တောင်ရွာ)၊ မကွေးမြို့၊
မကွေးတိုင်းဒေသကြီး

ဒုတိယ - မောင်ဝေယံကို
ကျွဲခြံရွာ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - မငွေကြယ်စင်ထွန်း
တောင်သာအုပ်စု၊ မြောက်လွတ်ကုန်းကျေးရွာ၊
ပျဉ်းမနားမြို့

**ဗီဒီယိုပြိုင်ပွဲ**

ပထမ - ဒေါ်နှိုင်းယွန်းယုဉ်
အမှတ် (၂၃၇) ပတ္တမြားရပ်ကွက်၊ ဟသ်ံာတမြို့၊
ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မောင်ကောင်းခန့်တင်ကျော်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်
(မန္တလေး)

တတိယ - မယွန်းကြည်ပြာ
မမ (၂၆)၊ တိုက် (၁၀)၊ မြရည်နန္ဒာတိုက်ခန်း၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**ဆောင်းပါးပြိုင်ပွဲ**

ပထမ - ဒေါက်တာအိအိသန့်
တိုက်အမှတ်(E2)၊အခန်း(၃၃)၊
သုခတော်ဝင်အိမ်ရာ၊ နေပြည်တော်

ဒုတိယ - ဦးမြင့်လွင်ထွေး
အခန်း (၀၁) ၊ တိုက် (၇၁၀) ၊
ပိတောက်အိမ်ရာ၊ နေပြည်တော်

တတိယ - ဒေါ်ထွေးထွေးခိုင်
မကွေးပညာရေးဒီဂရီကောလိပ်၊
မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - ဦးဇင်မင်းစိုး
အမှတ် (၆၄)၊ (၆) ရပ်ကွက်၊ နီလာ(၃)လမ်း၊
ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

# ကလေးမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်လှစ်

**ကလေး နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အသက်သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး သင်ခန်းစာများ သင်ကြားပို့ချမှုများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို နိုင်ဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး အခမ်းအနားသို့ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ ၃၀ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၂၈၄ | ၂,၄၁၄,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၀၀ | ၁,၀၅၆ | ၃,၃၈၄,၈၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၁ | ၂,၀၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၅ | ၁၅,၆၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၅၆၄ | ၉၆၀,၁၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၅ | ၂၂,၅၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၅၅၃ | ၁,၇၉၂,၂၅၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၁ | ၃,၄၀၀ |

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စက်ရုံလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

❂ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း လိုအပ်ချက်များသည့် မော်တော်ဆိုင်ကယ်တာယာအား တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် သုံးဘီးဆိုင်ကယ်တာယာများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက် ပိုမိုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ဈေးကွက်ရရှိရေးဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဆိုင်ကယ်အစီးရေ ငါးသန်းခန့်ရှိပြီး ပြည်တွင်း တာယာလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး အမြတ်ကိုအဓိကမထားဘဲ အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် ဆိုင်ကယ်တာယာများအပြင် အခြားပြည်တွင်းမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်တာယာများ ဈေးကွက်ရရှိရေးကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်အတွက် ပြည်ပမှ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေများ ကုန်ကျနေရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှ ထုတ်လုပ်သည့် တာယာများဖြင့် ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ဈေးကွက်အတွင်း အသုံးများသည့် အမျိုးအစားများကို သိရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက် တိုးမြှင့်ရရှိနိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်သွားရန် လိုကြောင်း၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ သက်သာချောင်ချိရေးနှင့် ထိုက်သင့်သည့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်သည့်နိုင်ငံ ဖြစ်သည့်အတွက် လယ်ယာသုံးစက်ကိရိယာများတွင် အသုံးပြုသည့် တာယာများကိုလည်း ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

## ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာယာစက်ရုံ(ရွာမ)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

စာမျက်နှာ ၄ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

❖ မြန်မာနိုင်ငံတွင် ဆိုင်ကယ်အစီးရေ ငါးသန်းခန့်ရှိပြီး ပြည်တွင်းတာယာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အမြတ်ကိုအဓိကမထားဘဲ အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်

❖ ဈေးကွက်လိုအပ်ချက်နှင့် ဈေးကွက်အတွင်း အသုံးများသည့်အမျိုးအစားများကို သိရှိအောင်ဆောင်ရွက်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် တိုးမြှင့်ရရှိနိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်




ရန်ကုန်မြို့ပတ် လက်ဝဲရစ်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်း စတင်ထွက်ခွာရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit(DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများနှင့် စပိန်နိုင်ငံမှ ဝယ်ယူတင်သွင်းထားသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များကို ရန်ကုန်မြို့ပတ်ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနား ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးက ပြည်သူများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ထူးထူးခြားခြား မှတ်တမ်းပြုရမည့်နေ့တစ်နေ့ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သယ်ယူပို့ဆောင်ရေး၏ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ နိုင်ငံ၏ ပထမဦးဆုံးနှင့် ရှေးအကျဆုံး သယ်ယူပို့ဆောင်မှုစနစ်တစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်း စတင်ဖြစ်ထွန်း ပေါ်ပေါက်ခဲ့သည်ကို လေ့လာကြည့်ပါက ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း ၁၆၁ မိုင် ခရီးကို ယခင်က ကွမ်းခြံကုန်းဘူတာဟု အမည်တွင်ခဲ့သည့် ရန်ကုန်ဘူတာကြီးမှ စတင်ဖောက်လုပ်ပြေးဆွဲခဲ့သည်ကို တွေ့ရကြောင်း၊ ယနေ့ဆိုပါက နှစ်ပေါင်း ၁၄၇ နှစ်ကျော်လွန်ခဲ့ပြီ ဖြစ်ကြောင်း၊

**စာမျက်နှာ ၅ သို့ »»**

**❂ စာမျက်နှာ ၃ မှ**

အဆိုပါ တာယာစက်ရုံ(ရွာမ)မှ ထုတ်လုပ်သည့် TRI STAR တာယာများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရလျက်ရှိပြီး အရည်အသွေးကောင်းမွန် ခိုင်ခံ့မှုများကြောင့် ပြည်ပဈေးကွက်တွင် လူကြိုက်များသည့် တာယာအမျိုးအစားအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ သုတေသနပြု ဆန်းစစ်ချက်များအရ ပြည်ပမှ တင်သွင်းသည့် အခြားတာယာများထက် TRI STAR တာယာများသည် အရည်အသွေးကောင်းမွန်ခိုင်ခံ့မှုရှိသည့်အပြင် ဈေးနှုန်းမှန်ကန်စွာဖြင့်လည်း ပြည်တွင်း၌ ဝယ်ယူသုံးစွဲနိုင်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ်ရှိရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေး စခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည် မိသားစုများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ၂၀၂၂ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေး စခန်းသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘက်စုံ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်စေခြင်းသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိလူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းခန့်အား အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံပေါများစွာ စားသုံးနိုင်စေရေးအထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနိုင်ရမည်ဖြစ်ပြီး ပြည်သူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေကြသည့် ဝင်ငွေနည်းသည့် အခြေခံလူတန်းစားများ၏ စားရေးသက်သာချောင်ချိမှု ဖြစ်စေရေးတွင် အထောက်အကူဖြစ်စေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတို့ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုကြောင်း၊ မဖြစ်မနေ စားသုံးရမည့် အခြေခံစားကုန်များကို ဈေးနှုန်းသက်သာချောင်ချိစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ အသားတိုးကြက်၊ ဥစားကြက်၊ ဥစားဘဲတို့ကို တိုးချဲ့မွေးမြူဆောင်ရွက်သွားရန် လိုကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ နည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်သဖြင့် တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာစီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုး မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»»» စာမျက်နှာ ၄ မှ

ထိုကဲ့သို့ ရန်ကုန် – ပြည်ရထားလမ်းပိုင်း စတင်ပြေးဆွဲနိုင်ခဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံက ပထမဦးဆုံးဖြစ်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေး လုပ်ငန်းကို ပိုင်ဆိုင်ထားသည့်နိုင်ငံဟု ဆိုနိုင်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့ကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်**

အခြေခံလူတန်းစား ပြည်သူအများစု နေ့စဉ်နှင့်အမျှ အဓိကအားကိုးအားထား ပြုနေရသည့် ရထား သယ်ယူပို့ဆောင်ရေး လုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်ဟု သုံးသပ်ဖော်ထုတ်နိုင်ကြောင်း၊ စရိတ်စက သက်သာစွာဖြင့် ခရီးသည်အများအပြားကို လိုရာခရီးသို့ ပို့ဆောင်ပေးနိုင်ကြောင်း၊ ကုန်စည်အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးသို့ ကုန်ကျစရိတ် ကျဉ်းကျဉ်းနှင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ကြောင်း၊ ယင်းတို့သည် ရထားပို့ဆောင်ရေးလုပ်ငန်း၏ ထင်ရှားသည့် အဓိကအားသာချက်များပင်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီးရထားစက်ခေါင်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

**ပံ့ပိုးဖြည့်ဆည်းပေး**

ရထားသည် မော်တော်ကားနှင့်နှိုင်းယှဉ်ပါက တူညီသည့်ကုန်စည်ပမာဏနှင့် ခရီးအကွာအဝေးအတွက် လောင်စာဆီကို လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံအတွင်းသာ သုံးစွဲကုန်ကျကြောင်း၊ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာလျော့ပါးသက်သာစေပြီး ယာဉ်ကြောကျပ်တည်းမှု ပြဿနာကိုလည်း လျော့နည်းစေကြောင်း၊ ထိုကဲ့သို့ အချက်များကြောင့် နိုင်ငံအသီးသီးတွင်လည်း ရထားလုပ်ငန်း ရေရှည်ရပ်တည် ရှင်သန်နိုင်ရေးနှင့် တိုးတက်ရေးကို အလေးထား လုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ခေတ်မီတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိကိုယ်တိုင်လည်း တာဝန်ရှိသူများနှင့် မကြာခဏ တွေ့ဆုံပြီး ရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

**❖ ရန်ကုန် - ပြည်ရထားလမ်းပိုင်း စတင်ပြေးဆွဲနိုင်ခဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံက ပထမဦးဆုံးဖြစ်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်ထားသည့်နိုင်ငံဟု ဆိုနိုင်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့**

ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်ပြီး ချောမွေ့မှုရှိစေရေး ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်း အင်ဂျင်နီယာပညာရှင်များကို အဓိကအားထားပြီး နည်းပညာများ တိုးတက်လာစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးကို မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ စက်ခေါင်းနှင့်တွဲများ တည်ဆောက်ရေးကို ပြည်တွင်း၌ပင် ထုတ်လုပ်တည်ဆောက်နိုင်ရေးနှင့် သုတေသနပြုနည်းပညာများမှတစ်ဆင့် တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၏ ရလဒ်အသီးအပွင့်တစ်ခုအဖြစ် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ခေတ်မီ DEMU ရထားတွဲဆိုင်း အသစ်များဖြင့် စတင်ပြေးဆွဲခြင်းကို ယခုကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့ ရန်ကုန်မြို့ပတ်ခရီးစဉ်ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

»» စာမျက်နှာ ၅ မှ

မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ မီးရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ မိဘပြည်သူများအနေဖြင့်လည်း စည်းကမ်းတကျလိုက်နာစီးနင်းပြီး ရထားလမ်းပိုင်းများနှင့် ဘူတာများ သန့်ရှင်းသပ်ရပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မီးရထားလမ်းပန်းဆက်သွယ်ရေး လုံခြုံမှုပိုမိုကောင်းမွန်လာစေရေးအတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် ယနေ့စတင်ပြေးဆွဲသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းများကို အသုံးပြုပြီး ရထားလမ်းနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့အသုံးပြု ပြေးဆွဲနိုင်စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများအနေဖြင့်လည်း ရထားစီးခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးကို အဆင်ပြေ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးနှင့် ပြည်သူကို ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရေးကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးပမ်းစွမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း ဆောင်ရွက်ခြင်းနှင့် DEMU ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ ရန်ကုန်မြို့ပတ် ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းနှင့်အတူ DEMU ရထားတွဲဆိုင်းအသစ်များ ပြေးဆွဲပေးသည့်အတွက် ရန်ကုန်မြို့တွင် နေထိုင်ကြသည့် ခရီးသွား ပြည်သူများအနေဖြင့် သက်သောင့် သက်သာရှိစွာ၊ စိတ်လက်ချမ်းသာစွာဖြင့် အဆင့်မီမီ လိုက်ပါစီးနင်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိသည့် မိမိတို့ရန်ကုန်မြို့ကြီးအတွက် မဖြစ်မနေအသုံးပြုသင့်သည့် များစွာအကျိုးရှိသည့် ပို့ဆောင်ရေးလုပ်ငန်းတစ်ခုလည်းဖြစ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ပတ်လက်ယာရစ် ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် လိုက်ပါစီးနင်းပြီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ပတ်ခရီးစဉ် ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ ရောက်ရှိကြရာ ကျောင်းသူလေးများနှင့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက ကြိုဆိုကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မီးရထားစက်ခေါင်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ပတ် လက်ဝဲရစ်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်း စတင်ထွက်ခွာရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရန်ကုန်မြို့ပတ်လက်ယာရစ် ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်း အသစ်များဖြင့် လိုက်ပါစီးနင်းပြီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ရန်ကုန် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းများအတွက် အကြိုအင်ဂျင်နီယာ လုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးကာလကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆောင်ရွက်ပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများနှင့်အတူ စပိန်နိုင်ငံမှဝယ်ယူရောက်ရှိလာသည့် ခေတ်မီ DEMU လေအေးစက်ပါ ရထားတွဲဆိုင်းအသစ်များအသုံးပြုပြီး မြို့ပတ်ရထားစီး ခရီးသွားပြည်သူများကို ပိုမိုအဆင်ပြေကောင်းမွန်သည့် ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အလိုအလျောက် မီးရောင်ပြောင်း အချက်ပြနှင့် ဆက်သွယ်ရေးစနစ်များ တပ်ဆင်ပြီး ခေတ်မီရထားပြေးဆွဲမှုစနစ်ဖြစ်သည့်အတွက် ယခင်က ပြေးဆွဲမှု တစ်နာရီ ကီလိုမီတာ ၄၀ နှုန်းမှ ကီလိုမီတာ ၆၀ နှုန်းအထိ တိုးမြှင့်ပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း၊ နေ့စဉ် RBE ရထားအစင်း ၂၀ နှင့် DEMU ၁၅ စင်းအသုံးပြုပြီး အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်သဖြင့် ခရီးသွားပြည်သူများအနေဖြင့် မြို့ပတ်ရထားများကို ယခင်ကထက် ပိုမိုမြန်ဆန် အဆင်ပြေချောမွေ့စွာဖြင့် လိုရာခရီးသို့ စီးနင်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ သို့»»

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားနှင့် မီးခွက်ဈေးအကြားရှိ ရေမြောင်းများ ထိန်းသိမ်းပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းတစ်လျှောက် အရိပ်ရသစ်ပင်များ စနစ်တကျစိုက်ပျိုးထားရှိရေးနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိရာ ပန်းခြံအတွင်း ဘက်စုံသုံး အဆောက်အအုံများ၊ ပျော်ပွဲရွှင်ပွဲ ကျင်းပရန်နေရာများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ကစားကွင်းများ၊ ရေကူးကန်များအပါအဝင် အများပြည်သူအပန်းဖြေရန်နေရာများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့တော်ဝန် ဦးဗိုလ်ဌေးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရင့်နောင်ပန်းခြံအတွင်း ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့မှုနှင့် ပြည်သူအများအပြားပျော်ရွှင်စွာ လာရောက်ဆင်နွှဲခဲ့မှုများ၊ လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လှိုင်သာယာတိုးချဲ့ပန်းခြံ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် ရေစီးရေလာကောင်းမွန်ရေး၊ ရေဝင်ရေထွက်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်သည် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်ကြသူများအများအပြားနေထိုင်ကြသည်ဖြစ်သဖြင့် ပလက်ဖောင်းများ အဆင့်မီကောင်းမွန်ရမည်ဖြစ်ကြောင်း၊ မြို့နယ်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက် စနစ်တကျ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူများက မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့ အကွက်ချပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

စီမံကိန်းချ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့အကွက်ချပုံကို စနစ်တကျဖြင့် ရေးဆွဲဖော်ဆောင်ထားသည့်မြို့ဖြစ်သဖြင့် အဆင့်မီသည့် မြို့တစ်ခုဖြစ်စေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရမည် ဖြစ်ကြောင်း၊ မြို့နေပြည်သူလူထုနှင့်ကိုက်ညီသည့် လူနေမှုပတ်ဝန်းကျင်ကို ဖော်ဆောင် ပေးရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ နေထိုင်သူများ ကျန်းမာရေး ကောင်းမွန်စေရေး၊ သန့်ရှင်းမှုစနစ်တကျရှိစေရေး၊ ရေလုံလောက်စွာရရှိရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အများအသုံးပြုရန် ကောင်းမွန်သည့် သုံးရေရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ကောင်းမွန်မှသာလျှင် အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူလူထု ကျန်းမာရေး

**စာမျက်နှာ ၈ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

☆ စာမျက်နှာ ၇ မှ

ကောင်းမွန်မှုရှိရန် မိမိတို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ရေဝင်ရေထွက်ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ မြို့ပြများ၌ စိမ်းလန်းစိုပြည်ရေး Green Zone ကို ဖော်ဆောင်ရာတွင် သုံးမိုင်ပတ်လည် အကွာအဝေးအတွင်း၌ Green Zone များဖော်ဆောင်ပေးထားရန်နှင့် အိမ်ခြံဝင်းများ လမ်းဘေးဝဲယာများ၌လည်း သစ်ပင်များစိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မူဝါဒချမှတ်ပေးထားပြီး ဖြစ်သဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**အကွက်ချပုံစံငယ်အားကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် လှိုင်သာယာမြို့နယ် အကွက်ချပုံစံငယ်အား ကြည့်ရှု၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားသည်။

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တက္ကသိုလ်အတွင်း ဆောက်လုပ်လျက်ရှိသည့် ပင်မသုံးထပ် စာသင်ဆောင်အသစ်အတွင်းရှိ ခန်းမဆောင်အတွင်း၌ ပါမောက္ခချုပ်က တက္ကသိုလ်၏ တည်နေရာနှင့် သမိုင်းအကျဉ်း၊ ဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ဘာသာရပ်အလိုက် သင်ကြားရေးဝန်ထမ်းများနှင့် စီမံဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်အင်္ဂါရပ်နှင့်ပြည့်မီစေရေးအတွက် တိုးချဲ့စာသင်ဆောင်များနှင့် ခန်းမများ၊ အခြား အထောက်အကူပြု အဆောင်များ တည်ဆောက်ရာတွင် အသေးစိတ်ကအစ ထည့်သွင်းတွက်ချက်စဉ်းစားကာ ရေရှည်ကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်း သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်း၊ လူသွားလမ်းများ၊ အားကစားပြုလုပ်ရာနေရာများနှင့် အပန်းဖြေနေရာများဆောင်ရွက်ရာ၌ ကျောင်းသားဦးရေ အချိုးနှင့်ကိုက်ညီသည့် အကျယ်အဝန်းများနှင့် အကွာအဝေးများဖြစ်စေရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်မသုံးထပ် စာသင်ဆောင်အသစ်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၆ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရန်ကုန် မြို့ပတ်ရထားလမ်းပိုင်းအား လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများနှင့် မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများ၊ အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ လျှပ်စစ်ရထားတွဲဆိုင်း(Electric Multiple Unit) ရရှိရေး ဆောင်ရွက်ထားမှု အစီအစဉ်များ၊ RBE (Rail Bus Engine)များအား Battery Electric Multiple Unit (BEMU) အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆောင်ရွက်ထားမှု၊ EMU စနစ်၊ BEMU စနစ်တို့ကို ပြောင်းလဲပြေးဆွဲနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်များ၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ၊ မြို့ပြအင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ၊ အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ၊ လျှပ်စစ်ရထားတွဲဆိုင်း (Electric Multiple Unit) နှင့် လျှပ်စစ်စက်ခေါင်း (Electric Locomotive) ရရှိရေးဆောင်ရွက်ထားမှုအစီအစဉ်၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းအား Battery Electric Locomotive အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆောင်ရွက်ထားမှုအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**ရထားလမ်းပိုင်းများတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်**

ရှင်းလင်း တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားလမ်းပိုင်းများတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ရထားလမ်းတစ်လျှောက် ဓာတ်အားလိုင်းများ တည်ဆောက်၍ လျှပ်စစ်ရထားကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့် ဘက်ထရီဓာတ်အားပေးစနစ်သုံး တွဲဆိုင်းများနှင့် စက်ခေါင်းများကို အသုံးပြု၍ လျှပ်စစ်ရထားကွန်ရက်စနစ် တည်ဆောက်ခြင်းဟူ၍ နှစ်မျိုး တွေ့ရှိရကြောင်း၊ ဘက်ထရီ ဓာတ်အားပေးစနစ်သုံး လျှပ်စစ်ရထား ကွန်ရက်တည်ဆောက်ရာတွင် မြို့ပတ်ရထားနှင့် ခရီးရထားများအတွက် ရှိပြီး RBE တွဲများကို ဘက်ထရီစနစ် BEMU အဖြစ် ပြောင်းလဲအသုံးပြုနိုင်ပြီး ခရီးဝေးရထားများအတွက် ရှိပြီး ဒီဇယ်လျှပ်စစ် စက်ခေါင်းအား ဘက်ထရီ လျှပ်စစ်စက်ခေါင်း Battery Electric Locomotive (BEL) အဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်ကို တွေ့ရကြောင်း၊ နည်းပညာ တိုးတက်လာမှု၏ အကျိုးကျေးဇူးအရ လျှပ်စစ်ရထားကွန်ရက်စနစ်ကို လက်ရှိရထားစနစ်အတွင်း၌ပင် သက်သာထိုက်သင့်သည့် ငွေကြေးကုန်ကျမှုနှင့် အချိန်တိုအတွင်းတည်ဆောက်နိုင်မည့် အလားအလာဖြစ်ကြောင်း၊ EMU စနစ်မှ BEMU စနစ်ပြောင်းလဲခြင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းအား BEL စက်ခေါင်းတွဲအဖြစ် ပြောင်းလဲတည်ဆောက်နိုင်ရေးတို့ကို ဦးစွာဆောင်ရွက်သွားရန်လိုပြီး ဘက်ပေါင်းစုံမှ စနစ်တကျ တွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းများသည် စက်မောင်းဆီကို အသုံးပြု၍ မောင်းနှင်ရခြင်းဖြစ်သဖြင့် စက်မောင်းဆီအတွက် ကုန်ကျစရိတ်များရှိကြောင်း၊ BEL စက်ခေါင်းတွဲများအဖြစ် ပြောင်းလဲ တည်ဆောက်အသုံးပြုပါက စက်သုံးဆီအတွက် ကုန်ကျမှုမရှိတော့ကြောင်း၊ ကုန်ကျစရိတ်နည်းပါးစွာဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ အဆိုပါ စက်ခေါင်းတွဲများသည် ဒီဇယ်လျှပ်စစ်သုံး စက်ခေါင်းများထက် ပိုမိုလျင်မြန် မြန်ဆန်လာမည်ဖြစ်သဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို ဦးစားပေးတွက်ချက် ဆောင်ရွက်သွားရန်လိုပြီး အချက်ပြနှင့် ဆက်သွယ်ရေး ဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းပိုင်းလမ်းနယ်တစ်လျှောက် ခြံစည်းရိုးများကာရံခြင်း၊ ရေထွက်စနစ်များကောင်းမွန်စေရန်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရမည်ဖြစ်ကြောင်း၊ ရထားတွဲများ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းများ၊ မီးရထားလမ်းကူးတံတားများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)မှ မီးရထားဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

နိုင်ငံတော်အနေဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေး လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရန် စဉ်ဆက်မပြတ်သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က ခရီးတိုပြေးဆွဲခြင်းများတွင် RBE စက်ခေါင်းများကို အသုံးပြု၍ ခရီးရှည် ပြေးဆွဲခြင်းများတွင် ဒီဇယ်စက်ခေါင်းများကို အသုံးပြုခဲ့ကြောင်း၊ လျှပ်စစ်ရထားများ ပြေးဆွဲရာတွင် ရထားလမ်းတစ်လျှောက် လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်အတွက် အချိန်များစွာပေးရမည်ဖြစ်ကာ ကုန်ကျစရိတ်များလည်း များပြားမည်ဖြစ်ကြောင်း၊ ယခုအခါ တိုးတက်လာသည့် နည်းပညာများနှင့်အညီ ဘက်ထရီနည်းပညာများ သည်လည်း တိုးတက်လာပြီဖြစ်သဖြင့် BEMU စက်ခေါင်းများနှင့် BEL စက်ခေါင်းများကို ပြောင်းလဲအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုသို့ ပြောင်းလဲသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ စွမ်းအင်များကိုလည်း ချွေတာနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်များစွာ အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ BEMU စက်ခေါင်းများနှင့် BEL စက်ခေါင်းများကို ပြောင်းလဲအသုံးပြုနိုင်ရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် မကြာမီ ကာလများအတွင်း၌ မိမိတို့နိုင်ငံတွင် အဆိုပါစက်ခေါင်းများဖြင့်ရထားသယ်ယူပို့ဆောင်ရေး စနစ်ကို တွေ့မြင်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ “ စီးပွားရေးပညာ နှစ် (၁၀၀) ” ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

★ကျောဖုံးမှ

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစီးပွားရေးပညာ နှစ် (၁၀၀)ရာပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ စီးပွားရေးပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ UMFCCI နှင့် ညီနောင်အသင်းများ၊ စီးပွားရေးဆိုင်ရာ တက္ကသိုလ်ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများ၊ ကျောင်းသားဟောင်းများ၊ စာတမ်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့်အထိမ်းအမှတ်လက်ဆောင်ကို လက်ဝယ်အရောက် ပေးအပ်သည်။

**ဂုဏ်ပြုလက်ဆောင် ပေးအပ်**

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာစီးပွားရေး တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးတို့ကို မြန်မာနိုင်ငံ “ စီးပွားရေးပညာ နှစ် (၁၀၀) ” ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အနုပညာရှင်တစ်ဦးအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များ၊ စီးပွားရေးတက္ကသိုလ်များမှ ကျောင်းသားဟောင်းများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများက တေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော် ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဂုံမင်းအင်းကျေးရွာ၌ ရေဆင်းစပ်မျိုးနေကြာ စိုက်ပျိုးနေမှု၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ ဂရိတ်ဝေါလ်တူမောရိုး မျိုးစေ့ထုတ်စိုက်ပျိုးရေး ကုမ္ပဏီလီမိတက်မှ မျိုးစေ့ထုတ်လုပ်နေမှုနှင့် နေပြည်တော်ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ဂုံမင်းအင်းကျေးရွာ ကွင်းအမှတ် (၁၆၅၄)တောင်သူ ဦးအောင်စိုး၏ လယ်ယာမြေ၌ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်နောက်ဆွဲ အစေ့ချကိရိယာများဖြင့် ရေဆင်း(၁) စပ်မျိုးနေကြာ ၁၅ ဧက စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ဂရိတ်ဝေါလ်တူမောရိုး မျိုးစေ့ထုတ်စိုက်ပျိုးရေးကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း GW-11 မျိုးစပါးသန့်စင်ခြင်းနှင့် မျိုးစပါးအိတ်ထည့်သွင်းချုပ်လုပ်နေမှုကို ကြည့်ရှုအားပေးကာ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများကို တောင်သူများအား ဖြန့်ဖြူးပေးနိုင်ရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ရေပန်းဥယျာဉ်၌ အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် ITAR-TASS သတင်းဌာန၏ ထိုင်းနိုင်ငံဌာနခွဲအကြီးအကဲ Mr. Igor Brovarnik ကို လက်ခံတွေ့ဆုံ၊ ရုပ်သံအင်တာဗျူးဖြေကြား



**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် သတင်းဌာနဖြစ်သည့် ITAR-TASS သတင်းဌာန၏ ထိုင်းနိုင်ငံဌာနခွဲ အကြီးအကဲ Mr. Igor Brovarnik ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ၍ ရုပ်သံအင်တာဗျူးဖြေကြားသည်။

ထိုသို့ ရုပ်သံအင်တာဗျူးပြုလုပ်ရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအဆင့်ဆင့် ပြောင်းလဲလာမှု၊ မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ BRICS အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအလားအလာ၊ ခေတ်သစ်ကမ္ဘာ့အခြေအနေတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးရည်မှန်းချက်၊ အနောက်နိုင်ငံများ၏ တစ်ဖက်သတ်ပိတ်ဆို့ကန့်သတ်မှုများ၏ သက်ရောက်မှုများကို လျော့ပါးစေရေး နည်းလမ်းများ ကျင့်သုံးနေမှု၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ၊ မြန်မာနိုင်ငံအမျိုးသား ပြန်လည်ရင်ကြားစေ့ရေး အောင်မြင်မှုရရှိရန် ဆောင်ရွက်နေမှုများ၊ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဝင်ငွေတိုးစီမံကိန်း သင်တန်းဆင်းအောင်လက်မှတ်များနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဆိုင်ရာ သင်တန်းဆင်း အောင်လက်မှတ်များနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



**တိုက်တွန်းမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် ယခုကဲ့သို့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဆိုင်ရာ နည်းပညာသင်တန်းများဖွင့်လှစ် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း ဝင်ငွေတိုး စီမံကိန်းကို ရုံးချုပ် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိကျေးရွာပေါင်း ၂၂၁ ရွာကို ရွေးချယ်ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်အရ သင်တန်းများကို ရွေးချယ်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အထိ ကျေးရွာပေါင်း ၁၇၅ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ လုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲတွင် စက်ပစ္စည်းများ လက်ခံရယူပြီး လုပ်ငန်းထူထောင်မည့်သူများအနေဖြင့် သင်တန်းကသင်ကြားပေးလိုက်သည့် ပညာရပ်များကိုအခြေခံကာ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းဖြင့် မိမိထုတ်ကုန်၏ အရည်အသွေးနှင့် ထုပ်ပိုးမှုစနစ်မြင့်မားအောင် လုပ်ဆောင်မှသာ ဈေးကွက်ရရှိမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျေးရွာပေါင်း ၁၆ ရွာတွင် လုပ်ငန်းရှင် ၇၈ ဦးကို အသေးစားလုပ်ငန်းများ ထူထောင်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျေးရွာကိုးရွာ၊ နေပြည်တော်ကောင်စီ ဘတ်ဂျက်ဖြင့် ကျေးရွာငါးရွာ စုစုပေါင်းကျေးရွာ ၁၄ ရွာကို ဝင်ငွေတိုးစီမံကိန်း ဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် အသေးစားလုပ်ငန်းရှင် ၇၀ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသို့ သွားရောက်ပြီး အသင်းပိုင်မြေ ဧက ၂၀ တွင် GW-11 စပါးမျိုး စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI အဖွဲ့မှ Senior Country Manager Mr. Dirk Gehl နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI အဖွဲ့မှ Senior Country Manager Mr. Dirk Ghel နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် GAVI၊ WHO နှင့် UNICEF တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ပုံမှန်တိုးချဲ့ ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ အမီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး တိုက်ကျွေးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် GAVI အဖွဲ့က ငွေကြေးနှင့် နည်းပညာရပ်ဆိုင်ရာ ပံ့ပိုးကူညီပေးမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးနှင့် WHO ရုံးများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့၌ မီးခိုးမြူငွေ့အန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ “မီးခိုးမြူငွေ့အန္တရာယ် ကြိုတင်ကာကွယ်”အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါနုက မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့် အကြောင်းရင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာထိခိုက်မှုများနှင့် မီးခိုးမြူငွေ့ဖြစ်ပွားနေချိန်တွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများအကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးတို့ မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ် (၁၀၀)"ရာပြည့်အထိမ်းအမှတ် ဒုတိယနေ့ စာတမ်းဖတ်ပွဲများနှင့် Plenary Session တက်ရောက်အားပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ **"စီးပွားရေးပညာနှစ်(၁၀၀)"**ရာပြည့် အထိမ်းအမှတ် ဒုတိယနေ့ စာတမ်းဖတ်ပွဲများကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ MICC II ၌ ယနေ့နံနက်ပိုင်းတွင် Parallel Session သုံးခုဖြင့် ကျင်းပပြီး မွန်းလွဲပိုင်းတွင် Plenary Session ကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးတို့ တက်ရောက်အားပေးကြသည်။





**ဆွေးနွေး**

စာတမ်းဖတ်ပွဲ Parallel Session IV တွင် **လယ်ယာကဏ္ဍ ထုတ်လုပ်မှုနှင့် စားရေရိက္ခာဖူလုံကြွယ်ဝမှု** ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ခုနစ်ဦးတို့က ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများကို မြှင့်တင်ခြင်းဖြင့် စားရေရိက္ခာဖူလုံစေရေး၊ မြန်မာနိုင်ငံ ဆန်စပါး ထုတ်လုပ်မှုနှင့် စားသုံးမှုကို ပထဝီဝင်ရှုထောင့်မှ လေ့လာခြင်းနှင့် ၂၀၅၀ ပြည့်နှစ်အတွက် ဆန်ဖူလုံမှု အလားအလာ၊ စားရေရိက္ခာ ထုတ်လုပ်မှု၊ ဖူလုံမှုနှင့် စိန်ခေါ်မှု အခက်အခဲများနှင့် အခွင့်အလမ်းများ၊ ရာသီဥတုဖောက်ပြန်မှုကို တုံ့ပြန်ရန်နှင့် စားနပ်ရိက္ခာဖူလုံမှုအတွက် စပ်မျိုးစပါး လက်ခံကျင့်သုံးမှုနှင့် အလားအလာများ၊ စစ်ကိုင်းခရိုင်အတွင်း မြေပဲ၊ နှမ်း၊ နေကြာစိုက်ပျိုးထုတ်လုပ်မှုနှင့် စားသုံးဆီဖူလုံမှု အခြေအနေကို လေ့လာဆန်းစစ်ခြင်း (၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ)၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ စီးပွားရေးတွက်ခြေကိုက်ပြီး ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်းမွန်စေရန် Plasma နည်းပညာ အကူအညီဖြင့် ဆောင်ရွက်ခြင်း၊ မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုနှင့် တင်ပို့မှုအား လေ့လာဆန်းစစ်ခြင်း ခေါင်းစဉ်တို့ဖြင့်ဆွေးနွေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

Parallel Session V တွင် **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးမှု** ခေါင်းစဉ်၏ အောက်တွင် စာတမ်းရှင် ကိုးဦးတို့က နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော ပြည်တွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ၏ အခြေအနေကို လေ့လာခြင်း၊ မြန်မာအစိုးရ၏ ချေးငွေထောက်ပံ့မှု အစီအစဉ်များနှင့် မြန်မာ MSMEs များ၏ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေး အပေါ် သက်ရောက်မှုများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုဇုန်များ၏ အခန်းကဏ္ဍ၊ မြန်မာ့ MSME စွမ်းအားဖြင့် နိုင်ငံ့ဘဏ္ဍာတိုးမြှင့်ရေး၊ MSME နှင့် နိုင်ငံဖွံ့ဖြိုးဖို့ ခေတ်မီနည်းစနစ်ဖြင့် အားလုံးပူးပေါင်းလုပ်ကြစို့၊ မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသော စိန်ခေါ်မှု အခက်အခဲများနှင့် အနာဂတ် အလားအလာကို လေ့လာဆန်းစစ်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အသေးစားနှင့် အလတ်စား စားသောက်ကုန်လုပ်ငန်းများ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကိုလေ့လာခြင်း၊ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၏ Soft Skills ကို လေ့လာခြင်း၊ စားသောက်ကုန်လုပ်ငန်းကဏ္ဍမှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသုံးပြု၍ ပြည်တွင်းစီးပွားရေးမြင့်မားလာစေရန် မူဝါဒအကြံပြုတင်ပြချက် စာတမ်းခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

Parallel Session VI တွင် **ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ** ခေါင်းစဉ်၏ အောက်တွင် စာတမ်းရှင် ၁၀ ဦးတို့က နိုင်ငံစီးပွားရေးကို ရင်းနှီးမြှုပ်နှံမှုရှုထောင့်မှ လေ့လာခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအပေါ် သက်ရောက်မှုနှင့် ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို လေ့လာခြင်း (၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ)၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်း၏ အထောက်အကူပြုနိုင်မှုများကို လေ့လာဆန်းစစ်ခြင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ၊ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်အတွင်း ဒစ်ဂျစ်တယ်နည်းပညာ ပါဝင်ကျယ်ပြန့်လာခြင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှု၊ သီလဝါစက်မှုဇုန်ရှိ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ကျေနပ်မှုကို လေ့လာဆန်းစစ်ခြင်း၊ မြန်မာနိုင်ငံအာမခံကဏ္ဍ၏ အခွင့်အလမ်း ကောင်းများနှင့် စိန်ခေါ်မှုများ၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အသစ်များနှင့် အလားအလာများ၊ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာကို လေ့လာခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

**ဆွေးနွေးတင်ပြ**

မွန်းလွဲပိုင်းတွင် **"စီးပွားရေးပညာ နှစ်(၁၀၀)"**ရာပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၏ Plenary Session အခမ်းအနားကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က Moderator အဖြစ်ဆောင်ရွက်ပြီး Parallel Session I ၏ သဘာပတိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က စာတမ်း ရှစ်စောင်မှ ရရှိသော မူဝါဒဆိုင်ရာကောက်နုတ်ချက် ရှစ်ချက်ကို လည်းကောင်း၊ Parallel Session II ၏ သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က စာတမ်း ၁၁ စောင်မှ ရရှိသော မူဝါဒဆိုင်ရာအကြံပြုချက် ၁၂ ချက်ကို လည်းကောင်း၊ Parallel Session III ၏ သဘာပတိ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက စာတမ်း ခုနစ်စောင်မှရရှိသော မူဝါဒဆိုင်ရာအကြံပြုချက် ၂၁ ချက်ကို လည်းကောင်း၊ Parallel Session IV ၏ သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စာတမ်း ခုနစ်စောင်မှရရှိသော မူဝါဒဆိုင်ရာ ကောက်နုတ်ချက် ၁၁ ချက်ကို လည်းကောင်း၊ Parallel Session V ၏ သဘာပတိ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က စာတမ်း ကိုးစောင်မှရရှိသော မူဝါဒဆိုင်ရာအကြံပြုချက် ၁၀ ချက်ကို လည်းကောင်း၊ Parallel Session VI ၏ သဘာပတိ ဒုတိယဝန်ကြီး ဦးမင်းမင်းက စာတမ်း ၁၀ စောင်မှ ရရှိသော မူဝါဒဆိုင်ရာ အကြံပြုချက်၆၀ ကိုလည်းကောင်းဆွေးနွေး တင်ပြကြသည်။ အဆိုပါ Plenary Session မှရရှိလာသည့် ဆွေးနွေး တင်ပြချက်များကို ကောက်နုတ်ပြီး မူဝါဒဆိုင်ရာ အကြံပြုချက်များအဖြစ် စုစည်း၍ နိုင်ငံတော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ **"စီးပွားရေးပညာနှစ်(၁၀၀)"**ရာပြည့် အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ ဆရာကြီး ဆရာမကြီးများသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ခြင်း၊ ဆင်ဖြူတော်များ သွားရောက်ကြည့်ရှုခြင်း၊ အမျိုးသားပြတိုက်နှင့် မော်ကွန်းတိုက်များသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၀/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၂၀/၂၀၂၄) ရဲသူရတပ်ခွဲ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးသည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအားစစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ဝေယံဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ပိုင်ဇော်သက်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းဖူးအောင်၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝင်းမြင့်ဆွေ၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းဝေယံဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။



ထို့နောက်ရဲချုပ်က အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲထောက်ချုပ် ရဲမှူးချုပ် မြင့်တိုးနှင့် ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GEELY GEOMETRY E အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX ALPHA T5 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် ARCFOX အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အားသွင်းစက်များ၊ Auto Top Power Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG NAMMI 01 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ကပြဖျော်ဖြေဆောင်ရွက်ကြမည့်ဝန်ထမ်းများ အစမ်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တည်းခိုရေးစခန်း(ရွာတော်)၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ကပြဖျော်ဖြေကြမည့် အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၊ အနုပညာအထက်တန်းကျောင်း (မန္တလေး)၊ ကရင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့တို့က အင်အား ၃၅၀ ဖြင့် အကအစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အကနည်းပြဆရာမများ၊ အနုပညာရှင်ဝန်ထမ်းများနှင့် ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့တို့မှ ကျောင်းသူများကို ယခုကဲ့သို့ ကြိုးကြိုးစားစား လေ့ကျင့်နေကြသည်ကို တွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ နိုင်ငံတော်အဆင့်အခမ်းအနားကြီး၌ ပါဝင်ဖျော်ဖြေတင်ဆက်ခွင့်ရခြင်းဖြစ်၍ ဂုဏ်ယူစရာဖြစ်ကြောင်း၊ အတွေ့အကြုံများလည်းရပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုများလည်းရပါကြောင်း၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ကပြဖျော်ဖြေတင်ဆက်သွားရန် တိုက်တွန်းပါကြောင်း အားပေးစကားပြောကြားပြီး အားဖြည့်အချိုရည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

ဆက်လက်၍ ဖူဆယ်(အမျိုးသား)အားကစားနှင့် ဘော်လီဘော(အမျိုးသား) အားကစားလေ့ကျင့်နေသည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို တွေ့ဆုံအားပေးစကားပြောကြားကာ အားဖြည့်အချိုရည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးပြီး စွမ်းအင်ဝန်ကြီးဌာန ဘော်လီဘောအသင်းနှင့် ယှဉ်ပြိုင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်း၊ ဖူဆယ် (အမျိုးသား) အသင်း၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) အသင်း၊ ပိုက်ကျော်ခြင်းအသင်း၊ ပြေးခုန် ပစ်အသင်းတို့တွင် စုစုပေါင်းအုပ်ချုပ်သူနည်းပြ အပါအဝင် အားကစားသမား ၁၁၅ ဦး သည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းခြောက်မျိုး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားသမားများ၏ တည်းခိုဆောင်များနှင့် နေထိုင်စားသောက်မှုများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တည်းခိုရေးစခန်း (ရွာတော်)သို့ သွားရောက်၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများ တည်းခိုနေထိုင်လျက်ရှိသည့် တည်းခိုဆောင်များ၊ ဆပ်ကော်မတီအလိုက် ရုံးခန်းဖွင့်လှစ်ထားရှိမှုများ၊ နေ့လယ်စာ စားသောက်နေမှုများနှင့် ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိလာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းများကို တွေ့ဆုံ၍ အားကစားသမားများအနေဖြင့် ကျန်းမာရေးအထူးဂရုစိုက်ကြရန် လိုကြောင်း၊ စံချိန်စံညွှန်းများ ကောင်းမွန်သည့် အားကစားသမားများကို ရွေးချယ်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် ဆက်လက်လေ့ကျင့်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ မိမိတို့တွင်ရှိသည့် အစွမ်းအစများကိုမလျှော့ဘဲ အစွမ်းကုန် ကြိုးစားလေ့ကျင့်သွားကြရန်လိုကြောင်း၊ စားရိပ်သာမှ ချက်ပြုတ်ပြင်ဆင်ကျွေးမွေးသော အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များကိုသာ စားသုံးပြီး ပြင်ပအစားအသောက်များကို စားသောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင်ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများ လာရောက်တည်းခိုနေထိုင်လျက်ရှိသည့် တည်းခိုဆောင်များ၊ ဆပ်ကော်မတီအလိုက် ရုံးခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စားရိပ်သာတွင် အားကစားအဖွဲ့များ၏ နေ့လယ်စာ စားသောက်နေမှုများ၊ ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ စားသောက်ဆိုင်(ကန်တင်း)များတွင် အားကစားသမားများအတွက် အဆာပြေ အစားအသောက်များနှင့် အသေးသုံးပစ္စည်းများ ဝယ်ယူနိုင်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်မှုရှိသော အစားအသောက်များကိုသာ ဈေးနှုန်းသင့်တင့်စွာ ရောင်းချပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြု အားကစားအဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများမှ အားကစားနည်းကြီးကြပ်သူနှင့်တာဝန်ခံများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများ၊ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ တိုင်းဒေသကြီး/ ပြည်နယ်အားကစား နည်း ၂၃ နည်း၊ ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘောလုံး (အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဘော်လီဘော(အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဂေါက်သီး(အမျိုးသား)၊ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး) အားကစားနည်းတို့ဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း၊ ယခု အားကစားအောင်နိုင်ရေး အလံအပ်နှင်းခြင်းသည် နည်းပြများနှင့် အားကစားသမားများကို ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ၊ အားကစားပညာရပ်ဆိုင်ရာစသည်ဖြင့် အစစအရာရာ အသင့်ဖြစ်နေသည်ဟု ယုံကြည်သည့်အတွက် အားကစားမောင်မယ်များ၏ စိတ်စွမ်းအားကို မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အားကစားနည်းအလိုက် ရွှေတံဆိပ်နှင့် အခြားဆုအသီးသီးရယူ၍ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။




ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အောင်နိုင်ရေးအလံကို အားကစားအဖွဲ့ခေါင်းဆောင်ဖြစ်သည့် ဒုတိယအမြဲတမ်းအတွင်းဝန်ထံ အပ်နှင်းသည်။

ထို့နောက် အားကစားအဖွဲ့ခေါင်းဆောင်က ဦးဆောင်၍ အားကစားအဓိဋ္ဌာန် (၄)ချက် ရွတ်ဆို၍ အားကစား ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သယံဇာတရေးရာ ဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ကျော် ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်တစ်ခုလုံး၏ ငါးပုံတစ်ပုံကို ပိုင်ဆိုင်ထားကြောင်း၊ အဏ္ဏဝါဂေဟစနစ်များစုံလင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး ထောက်ပံ့ပေးနိုင်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတအခြေပြု အပြာရောင်စီးပွားရေး(Blue Economy) ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပင်လယ်ကမ်းရိုးတန်းအဏ္ဏဝါဂေဟစနစ်များ ထိန်းသိမ်းခြင်းနှင့် စနစ်တကျ ထုတ်ယူအသုံးပြုခြင်းကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိကြောင်း၊ စွန့်ပစ်အမှိုက်များ ပင်လယ်တွင်းရောက်ရှိပြီး သဘာဝပတ်ဝန်းကျင်နှင့်ရေနေသတ္တဝါများ ထိခိုက်ပျက်စီးမှုမရှိစေရေး လုပ်ငန်းစဉ်အဆင့်အလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက Blue Economy ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကို ကဏ္ဍအလိုက် ဖော်ထုတ်ချမှတ်နိုင်ရေး၊ ကမ်းရိုးတန်းသယံဇာတကို မထိခိုက်သော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါသယံဇာတ ထိန်းသိမ်းရေး၊ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်နှင့် သုတေသနစင်တာများ ထူထောင်ရေး၊ Marine Ecotourism ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက ကော်မတီ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ရေရှည်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တရားမဝင်ငါးဖမ်းလုပ်ငန်းများ စစ်ဆေးကြီးကြပ်မှု မြှင့်တင်ရေး၊ အဏ္ဏဝါဂေဟစနစ်အခြေပြု သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ပင်လယ်ပြင်အတွင်း တရားမဝင်ကုန်သွယ်မှုများ တားဆီးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မမေ့ဘယ်ခါ ဓလေ့ရိုးရာ

❖ ကျုပ်မွေးရပ်မြေ၊ မြန်ဌာနေအကြောင်း<br>ပြန်ပြောင်းတွေးမိ၊ အသိပြန်စစ်<br>ငယ်စဉ်ကာလ၊ ကျုပ်ဘဝတွင်<br>ပျော်ရွှင်ခဲ့ရ၊ ကြည်နူးရပုံ<br>အဖုံဖုံ။

❖ ကျုပ်ငယ်စဉ်က၊ ပျော်ခဲ့ရပုံ<br>ဖုံဖုံပြန်မြင်၊ စိတ်လန်းရွှင်ရ<br>ကြည်နူးရမှု့၊ ခဏမကြာ<br>ပြန်ကာထပ်ထပ်၊ တရစပ်တွေး<br>တွေးတွေးရင်းသာ၊ ချိန်ကုန်လာမိ။

❖ ဘာတွေပါလဲ၊ စိတ်ထဲစွဲနေ<br>မေးမြန်းချေက၊ ကျုပ်ဖြေပါမည်<br>စုံညီသက်ရွယ်၊ လူငယ်လူကြီး<br>အမျိုးသမီးမကျန်<br>အမြင်မှန်နှင့်၊ အားမာန်ပေါင်းရုံး<br>စည်းလုံးမပြတ်၊ ခိုင်မတ်နေခြင်း<br>အကြောင်းရင်းတည့်။

❖ ရုပ်နာမ်ယွင်းယို၊ နေညိုချိန်တွင်<br>ချင်းနင်းရောက်လာ၊ ခုချိန်ခါတွင်<br>ပျော်ရွှင်မြူးထူး၊ ကြည်နူးကြတာ<br>ကျုပ်မြင်လာ၍၊ ကျုပ်ပါပျော်မွေ့<br>မမေ့ဘယ်ခါ၊ ဓလေ့ရိုးရာ။ ။

ငြိမ်းငွေစံ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ခရီးသွား လုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။



ယနေ့နံနက်ပိုင်းတွင်(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အလှည့်ကျအိမ်ရှင်နှင့် အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ဒေသတွင်းခရီးသွားလာရေး လွယ်ကူချောမွေ့စေရေးနှင့် ပြည်ဝင်လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူစေရေး၊ ဒေသတွင်း ခရီးသွားနေရာများ ချိတ်ဆက်ဆောင်ရွက်ရေး၊ အလှမ်းဝေးသော ခရီးသွားဈေးကွက်များမှ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမှုများမြှင့်တင်ရေး၊ ကိုဗစ်-၁၉ကပ်ရောဂါအလွန် ဒေသတွင်း ခရီးသွားလုပ်ငန်းများကို ပြန်လည်အသက်ဝင်လာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊ စီအယ်လ်အမ်ဗွီနိုင်ငံများသို့ မီဒီယာနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ရင်းနှီးကျွမ်းဝင်မှု ခရီးစဉ်များစီစဉ်ရေး၊ စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်း ဝက်ဘ်ဆိုက်(သို့မဟုတ်)သတင်းအချက်အလက်ဒေတာဘေ့စ်များ တည်ထောင်ရေး၊ နိုင်ငံတကာ ခရီးသွားပွဲများကျင်းပခြင်းနှင့် ပူးပေါင်းပြသခြင်းစသည့် ပူးတွဲခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းများ ဆောင်ရွက်ရေး၊ လူမှုရေးမီဒီယာ ပလက်ဖောင်းများမှတစ်ဆင့် ကုန်ကျစရိတ်သက်သာသော ပူးတွဲဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေးကမ်ပိန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးအတည်ပြုကြသည်။

ထို့ပြင် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၂၃-၂၀၂၅) အရ အဖွဲ့ဝင်နိုင်ငံများမှ ဒေသတွင်း ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေးနှင့် ဗီဇာများဖြေလျှော့ပေးရေး၊ ဒေသတွင်းခရီးသွားပြပွဲများ ကျင်းပမှုနှင့် အဖွဲ့ဝင်နိုင်ငံများက ပါဝင်ပြသမှုအခြေအနေ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေ၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ၂၀၂၅-၂၀၂၆ အဖြစ် သက်တမ်းတိုးပြင်ဆင်မှုနှင့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဗီယက်နမ်နိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည့်အခြေအနေတို့ကို အတည်ပြုခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် ပူးတွဲသတင်းထုတ်ပြန်ချက် ထုတ်ပြန်နိုင်ခဲ့မှုတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ရန်ကုန်မြို့အခြေစိုက် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားဘော်လီဘောအားကစားသမားများနှင့် တွေ့ဆုံ




နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားဘော်လီဘောအားကစားသမားများကို ယနေ့ညနေ ၄ နာရီခွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ အားကစားအသင်းတာဝန်ခံ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက ဝန်ကြီးဌာန အမျိုးသားဘော်လီဘောအသင်း ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်မှု၊ အားကစားသမားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးဆိုင်ရာ ဆောင်ရွက်ပေးမှုနှင့် ပြိုင်ပွဲယှဉ်ပြိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အဆင့်ကျင်းပသည့် အမျိုးသားအားကစားပြိုင်ပွဲတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် စည်းကမ်းတကျ ပြိုင်ပွဲဝင်ကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲမှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားအဖြစ် ရွေးချယ်ခံရရေးအတွက် တစ်ဦးချင်းမှအစ အသင်းလိုက်စုဖွဲ့ကြိုးပမ်းကြရန်လိုကြောင်း၊ "ပွဲမဝင်ခင်အပြင်ကကျင်းပ" ဆိုသည့်အတိုင်း ပြိုင်ပွဲမဝင်မီ လေ့ကျင့်သားပြည့်ဝစေရေးအတွက် စနစ်တကျလေ့ကျင့်ကြရန်နှင့် နေထိုင်၊ စားသောက်မှုနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်း အလေးဂရုပြုကြရန်လိုကြောင်း၊ အားကစားသမားတိုင်း အောင်စိတ်မွေး၍ ဌာနဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်စေရေး လေ့ကျင့်ကြိုးစား ယှဉ်ပြိုင်ကြရန်လိုကြောင်း အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ဖူဆယ်၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုနှင့် လက်ရည်စမ်းယှဉ်ပြိုင်မှုတို့ကို ယနေ့တွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည့် ဖူဆယ်ပြိုင်ပွဲတွင် ဝန်ကြီးဌာနကိုယ်စားပြုအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်မှုကိုလည်းကောင်း၊ ပျဉ်းမနားပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝန်ကြီးဌာနကိုယ်စားပြုအသင်းနှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီးက အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ဝန်ကြီးဌာနဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် ဝန်ကြီးဌာနအတွက် ထိုက်တန်သည့် ဆုတံဆိပ်များရရှိအောင် ကြိုးစားသွားကြရန် အားပေးစကားပြောကြားပြီး



အားကစားသမားများအတွက် လေ့ကျင့်ရေးဝတ်စုံ၊ ပြိုင်ပွဲဝင်ဝတ်စုံနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်ကစားမည့် စွမ်းအင်ဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအားကစားအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအားကစားအသင်းတို့ Naypyitaw State Polytechnic University ရှိ ဘောလုံးအားကစားကွင်း၌ လေ့ကျင့်ကစားနေမှုကို သွားရောက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ချီးမြှင့်ငွေနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်ပြီး အားကစားအသင်းများအနေဖြင့် ဝန်ကြီးဌာနဂုဏ်ဆောင်နိုင်အောင် အားကစားစိတ်ဓာတ်အပြည့်ဖြင့် လေ့ကျင့်ယှဉ်ပြိုင်သွားရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားကြရန်၊ ကျန်းမာရေးနှင့် ကြံ့ခိုင်မှု ကောင်းမွန်အောင် နေထိုင်၊ စားသောက်ရေး ဂရုစိုက်ကြရန် မှာကြားသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဘောလုံး (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဂေါက်သီးရိုက် (အမျိုးသား) စသည့် အားကစားနည်း ငါးမျိုးကို အားကစားသမား ၈၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နတ်တလင်းမြို့နယ်၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

နတ်တလင်း နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုမှ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သီးနှံအမျိုးအစားအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် တောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သီတဂူဆရာတော်ကြီးနှင့် နီပေါနိုင်ငံဝန်ကြီးချုပ်တို့ နီပေါနိုင်ငံ၌ ကျင်းပသည့် 3rd Convocation of Lumbini Buddhist University and 20th University Day အခမ်းအနား တက်ရောက်





**ကတ္တမန္ဒူး( နီပေါ) နိုဝင်ဘာ ၂၉**

နီပေါနိုင်ငံဝန်ကြီးချုပ် ကေပီရှာမာအိုလီနှင့် Lumbini Buddhist University (LBU) တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အရှင် ဘဒ္ဒန္တဉာဏိဿရသည် နီပေါနိုင်ငံဝန်ကြီးချုပ်၏ အထူးဧည့်သည်တော်အဖြစ် ယနေ့တွင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်ရှိ Lumbini Buddhist University ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် 3rd Convocation of Lumbini Buddhist University and 20th University Day အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ နီပေါနိုင်ငံဝန်ကြီးချုပ် ကေပီရှာမာအိုလီ၊ နီပေါနိုင်ငံ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး H.E. Bidya Bhattrai၊ နီပေါနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်မောင်၊ လုမ္ဗိနီခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ Lumbini Development Trust မှ တာဝန်ရှိသူများ၊ လုမ္ဗိနီဥယျာဉ်၌ တည်ရှိသည့် မြန်မာ၊ တရုတ်၊ နီပေါ၊ ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယားစသည့်နိုင်ငံများမှ ဘုန်းကြီးကျောင်းများ၏ ဆရာတော်၊ သံဃာတော်များ၊ ဒေသခံအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဘွဲ့ရရှိသူ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဓမ္မမိတ်ဆွေများ၊ Lumbini Buddhist University တွင် တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၅၀၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ Lumbini Buddhist University ၏ ဥက္ကဋ္ဌ နီပေါနိုင်ငံဝန်ကြီးချုပ် ကေပီရှာမာအိုလီက ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ [Honorary Doctorate Degree of Literature (D.Litt)]ဘွဲ့ရရှိသူ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီနှင့် တကွ ဘွဲ့ရရှိသူများအတွက် ဂုဏ်ယူ ဝမ်းမြောက်ကြောင်း ပြောကြားပြီး နီပေါပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး၊ဝန်ကြီးချုပ်၏ အထူးဧည့်သည်တော် သီတဂူ ဆရာတော်ကြီးတို့က အမှာစကားများ ပြောကြားသည်။

သီတဂူ ဆရာတော်ကြီးက ယနေ့သည် ဗုဒ္ဓဘာသာဝင် သီလရှင်များအတွက် ကြီးကျယ်မြင့်မြတ်သော နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်ကြောင်း၊ သက်တော် ၉၀ ကျော်ရှိပြီဖြစ်သည့် သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တွင် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ (D.Litt) ချီးမြှင့်ခြင်းခံရသည့်အတွက် ထူးခြားသည့် နေ့ထူးနေ့မြတ်ဟု ဆိုရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရကလည်း လွန်ခဲ့သည့်နှစ်များကပင် သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ၏ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရန်အတွက် ဆောင်ရွက်ခဲ့မှု အရပ်ရပ်အတွက် သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ဆက်ကပ်ချီးမြှင့်ခဲ့ကြောင်း၊ သီလရှင်ဆရာကြီးသည် ဗုဒ္ဓစာပေများကို ကောင်းစွာတတ်မြောက် ကျွမ်းကျင်သူဖြစ်သည့်အပြင် ဗုဒ္ဓ၏တရားတော်များကို ဟောကြားရာတွင်လည်း ပါရဂူတစ်ပါးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာကို လေးနက်စွာယုံကြည်ကိုးကွယ်ပြီး ကျင့်ကြံအားထုတ်မှု၊ ဟောပြောမှုတို့ကို အသိအမှတ်ပြုချီးကျူးဂုဏ်ပြုပူဇော်သည့်အနေဖြင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း၊ ဂေါတမမြတ်စွာဘုရား၏ သမီးတော် ဒေါ်ဓမ္မဝတီ၏ ယခုကဲ့သို့ ထူးခြားသော အောင်မြင်မှုအတွက် လေးလေးနက်နက် ဝမ်းမြောက်ဂုဏ်ယူမုဒိတာစကား ပြောကြားလိုပါကြောင်း၊ မြတ်စွာဘုရား၏ ဗုဒ္ဓသာသနာတော်သည် နေလို၊ လလို တည်တံ့ခိုင်မာ ထွန်းတောက်ပါစေကြောင်း မိန့်ကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရသူ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ၏ ကိုယ်ရေးအကျဉ်းချုပ်နှင့် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ချီးမြှင့်ခံရခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နီပေါနိုင်ငံဝန်ကြီးချုပ်က သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီအား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ဆက်ကပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက ဘွဲ့ရရှိသူများနှင့် ထူးချွန်သူများအား ဆုချီးမြှင့်ပြီး ဘွဲ့ရရှိသူများအနက် ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရသည့် မြန်မာနိုင်ငံတွင် သီလရှင်ဆရာကြီး သမီးချစ်ဟု ထင်ရှားကျော်ကြားသော နီပေါသာသနာပြုဆရာကြီး ဒေါ်ဓမ္မဝတီသည် သက်တော် ၉၁ နှစ်ရှိပြီဖြစ်ပြီး ငယ်ရွယ်စဉ်ကပင် နီပေါနိုင်ငံမှ မြန်မာနိုင်ငံသို့ အခက်အခဲအမျိုးမျိုးကြားမှ လာရောက်၍ ဗုဒ္ဓဘာသာစာပေများ လေ့လာသင်ကြားခဲ့သူဖြစ်သည်။ သီလရှင်ဆရာကြီး၏ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်အစိုးရက ၁၉၆၂ ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့ကိုလည်းကောင်း ဆက်ကပ်ချီးမြှင့်ပြီး ယခု Lumbini Buddhist University က ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ကိုဆက်ကပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်လည်း သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ (ခေါ်) သမီးချစ်သည် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့တွင် Dharma Kirti Vihar သီလရှင်ကျောင်းကိုလည်းကောင်း၊ လုမ္ဗိနီဥယျာဉ်တွင် International Goutami Nun Temple သီလရှင်ကျောင်းကို လည်းကောင်း တည်ထောင်ထားပြီး ထေရဝါဒဗုဒ္ဓသာသနာပြု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

Lumbini Buddhist University ကို နီပေါနိုင်ငံအစိုးရက နီပေါပါလီမန် အက်ဥပဒေနှင့်အညီ ၂၀၀၄ ခုနှစ် ဇွန် ၁၇ ရက်တွင် စတင်တည်ထောင်ခဲ့ရာ ယခုအခါ နှစ် (၂၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ဗုဒ္ဓ၏အဆုံးအမများကို လေ့လာသင်ယူ၍ လူမှုနေ့စဉ်ဘဝတွင် အေးချမ်းမှု၊ ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှု၊ သာယာဝပြောမှုတို့ဖြင့် နေထိုင်နိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်ဖြစ်စေရန် ရည်ရွယ်တည်ထောင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံ-အိန္ဒိယ Startup ပွဲတော် ၂၀၂၄ ကျင်းပ



**နယူးဒေလီ နိုဝင်ဘာ ၂၉**

အာဆီယံ-အိန္ဒိယ Startup ပွဲတော် ၂၀၂၄ (ASEAN-India Startup Festival 2024) ကို နယူးဒေလီမြို့ Dwarka မြို့နယ်ရှိ Taj Vivanta ၌ ကျင်းပလျက်ရှိသည်။

အာဆီယံ-အိန္ဒိယ စတတ်အပ်ပွဲတော် ကျင်းပရသည့်ရည်ရွယ်ချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးနှင့် နည်းပညာ ထောက်ပံ့ရေးပူးပေါင်းမှုကို စတင်သည့် အစီအစဉ်တစ်ခုဖြစ်သည်။

အဆိုပါအစီအစဉ်တွင် နည်းပညာဆန်းသစ်မှု၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရေး စသည့်အချက်များကို ဦးစားပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရည်ရွယ်ထားသည်။

စတတ်အပ်ပွဲတော်တွင် အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ စွမ်းဆောင်ရည်ရှိသောလုပ်ငန်းရှင်များကို ချိတ်ဆက်ပေးခြင်း၊ AI၊ FinTech၊ HealthTech၊ AgriTech စသည့် နည်းပညာအကျိုးဝင်သော စွမ်းဆောင်ရည်များ တိုးတက်စေရန် ထောက်ပံ့မှုပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာရရှိစေရန် အခွင့်အလမ်းများဖော်ဆောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် စီးပွားရေးထိခိုက်မှုလျှော့ချခြင်းများကိုပါ ဦးစားပေးဖော်ဆောင်လျက်ရှိသည်။

အဆိုပါပွဲတော်သို့ လာရောက်ပါဝင်ပြသလျက်ရှိသည့် မြန်မာနိုင်ငံ ပြခန်းတာဝန်ရှိသူများ၏ စကားသံများကိုလည်း ယခုလိုကြားသိရပါသည် -

**ထွန်းအိန္ဒြာဟေမာ ( Managing Director-ဟိန်းရွှေအောင်ကုမ္ပဏီ ခနိဖူးထုတ်လုပ်ရေးလုပ်ငန်း)**

ဒီပြပွဲမှာ ကျွန်မအပါအဝင် ကော်ဖီနဲ့ ချည်ထည်လုပ်ငန်းတွေလည်း ပါပါတယ်။ ဒီပွဲကို အိန္ဒိယနိုင်ငံ သိပ္ပံနှင့် နည်းပညာဦးစီးဌာနရဲ့ ဖိတ်ကြားချက်အရ လာရောက်ပြသခြင်းဖြစ်ပါတယ်။ ဒီကိုလာရောက်ပြသတဲ့ရည်ရွယ်ချက်ကတော့ အိန္ဒိယမှာ သဘာဝထုတ်ကုန်တွေကို ပြောင်းလဲအသုံးပြုချင်ကြတဲ့အတွက် အခုလို သဘာဝထုတ်ကုန်တွေကို လာရောက်ရောင်းချခြင်းဖြစ်ပါတယ်။

**မဇာဇာ (Coffee ပြခန်းတာဝန်ခံ)**

ရှမ်းပြည်ကထွက်တဲ့ ကော်ဖီတွေကို Promote လုပ်ချင်လို့ လာရောက်ရောင်းချတာဖြစ်ပါတယ်။ ဒီပြပွဲမှာ အတော်များများက မြန်မာကော်ဖီကိုစိတ်ဝင်စားကြပါတယ်။ ဒီပွဲမှာလာရောက်ရောင်းချရတာ အဆင်ပြေပါတယ်။

**မမာလာချို(Founder - Hturu သဘာဝဆိုးဆေးလုပ်ငန်း)**

ကရင်ပြည်နယ် ဘားအံမြို့ကဖြစ်ပါတယ်။ ထုရူ့ဆိုတာက ကရင်လို တိုင်းရင်းသားရိုးရာလို့ အဓိပ္ပာယ်ရပါတယ်။

ရိုးရာဝတ်စုံတွေကို သဘာဝဆိုးဆေးအသုံးပြုထားတဲ့ ချည်ထည်တွေကို လာရောက်ရောင်းချတာဖြစ်ပါတယ်။

အိန္ဒိယမှာ ချည်ထည်တွေကို သဘောကျတဲ့အတွက်စိတ်ဝင်တစားနဲ့ လာရောက်ဝယ်ယူကြပါတယ်။

**ဆုဝေထွန်း (Commercial Founder - Origin Business Solution Company Limited)**

ကျွန်မကတော့ Startup တစ်ဦးအနေနဲ့ အခုပွဲအတွက်ရွေးချယ်ခြင်းခံရသူတစ်ဦးဖြစ်ပါတယ်။ ကျွန်မတို့က Software ကုမ္ပဏီဖြစ်တဲ့အတွက် ကုမ္ပဏီကတီထွင်ထားတဲ့ အိမ်ရာစီမံကိန်းတွေ၊ ကွန်ဒိုတွေ၊ Shopping Mall တွေ၊ အိမ်ရာတွေနဲ့ တခြားအိမ်ခြံမြေကိစ္စရပ်တွေနဲ့ဆိုင်တဲ့ System တစ်ခုကို ဝင်ရောက် ယှဉ်ပြိုင်ပြသခြင်းဖြစ်ပါတယ်။

အဆိုပါပွဲတော်တွင် မြန်မာပြခန်းလေးခန်းပါဝင်ပြသလျက်ရှိပြီး ပွဲတော်ကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - အေဝမ်းစိုး**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉



ရှမ်းပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားသည်။







သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅)ကို စက်တင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားလေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေးဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင်သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နေတဲ့ တပ်မတော်သားတွေကိုလည်း ပိုပြီးလေးစားလာတယ်။ တပ်မတော်သား တစ်ယောက်ဖြစ်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ တစ်ခါစစ်သားဖြစ်ဖူးရင် ထာဝရစစ်သားဆိုတဲ့ စကားလိုပါပဲ။ စစ်မှုထမ်းကာလတစ်လျှောက်မှာ တာဝန်တွေကို ကျေပွန်အောင်ကြိုးစားမယ်။ စစ်မှုထမ်းကာလပြီးဆုံးလို့ တိုင်းပြည်ကလိုအပ်လာရင်လည်း တာဝန်ထမ်းဆောင်ဖို့ အသင့်ပါပဲ။

တပ်မတော်သားတိုင်းဟာ သူ့တာဝန်သူရှိတယ်။ အမိန့်ဆိုတဲ့စကားလုံးနောက်က သွားတာပေါ့။ တာဝန်ယူပြီး အလုပ်လုပ်ကိုင်ရတယ်။ တပ်မတော်သားတွေကို ကိုယ်ချင်းစာတတ်လာပါတယ်။ သင်တန်းဆင်းရတော့မယ်ဆိုတော့ ကျရာမိခင်တပ်ရင်းတွေမှာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာ အတတ်နိုင်ဆုံး ထမ်းဆောင်ပြီးတော့ အမိမြန်မာနိုင်ငံတော်ကြီးကို

စာမျက်နှာ ၁၇ သို့ ❖



တနင်္သာရီတိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲ ကျင်းပစဉ်။



မွန်ပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

❖ စာမျက်နှာ ၁၆ မှ
အတတ်နိုင်ဆုံးအသက်နဲ့လဲပြီး ကာကွယ်သွားမယ်လို့ ခံယူထားပါတယ်။ သင်တန်းအပတ်စဉ်တွေကို ထပ်လာမယ့် ညီငယ်တွေအားလုံးကိုလည်း ဆရာတွေပြောတဲ့အတိုင်း သေချာလိုက်နာဆောင်ရွက်ပြီး သင်တန်းတွေအားလုံးကို လာရောက်သင်ကြားစေချင်ပါတယ်။ စစ်ပညာဆိုတာ အခုလို ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်လှစ်လို့သာ ကျွန်တော်တို့လည်း တတ်ရောက်ခဲ့တယ်ဆိုပေမယ့် မြန်မာနိုင်ငံသားတိုင်း စစ်ပညာတတ်ကျွမ်းဖို့ လိုအပ်ပါတယ်။

ပြည်သူ့သားကောင်း တစ်ယောက်အနေနဲ့ နိုင်ငံ့တာဝန်ကို ကျွန်တော့်လိုမျိုးပဲ လာရောက်ထမ်းဆောင်ဖို့ကိုလည်း ကျွန်တော်က ဖိတ်ခေါ်ပါတယ်။ တပ်မတော်ဆိုတာ တကယ်သာလိုက်နာနိုင်ရင် တကယ့် ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ လေ့ကျင့်မွေးထုတ်ပေးတဲ့ ကျောင်းတော်ကြီးပဲ။ အဲဒါကြောင့် လာရောက်တက်စေချင်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


ပဲခူးတိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

## ဘုတ်ပြင်းမြို့နယ်၌ ကျေးရွာလူသွားလမ်းတံတား တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ဘုတ်ပြင်း နိုဝင်ဘာ ၂၉**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တိုင်းဒေသကြီးရန်ပုံငွေ ကျပ် ၁၀၃ သန်းဖြင့် ကလန်းချောင်းကျေးရွာတွင် လူသွားလမ်းတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသက်နိုင်က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကလန်းချောင်းကျေးရွာရှိ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကဏ္ဍများ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၃၁)ကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၉**

(၃၁)ကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ကွန်ဂရက် (31st Ordinary Congress of the ASEAN Football Federation) (AFF)ကို နိုဝင်ဘာ ၂၉ ရက်က လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

MFF ကိုယ်စားလှယ်အဖွဲ့တွင် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းအရေးမှူး ဦးထွန်းထွန်းအောင်တို့ပါဝင်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအဖွဲ့ဝင် မဲပေးရွေးချယ်ခြင်း၊ ၂၀၂၃ AFF ဘတ်ဂျက်အတည်ပြုခြင်း၊ အာဆီယံဒေသတွင်း ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြိုင်ပွဲများနှင့် အထွေထွေဆွေးနွေးမှုများ ပြုလုပ်သည်။ ယခုကျင်းပသည့် AFF Ordinary Congress တွင် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီဝင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ ရွေးချယ်ခန့်အပ်ခံရသည်။ ဦးပြည့်ဖြိုးတေဇသည် ၂၀၂၆ ခုနှစ်အထိ အာဆီယံဘောလုံးအဖွဲ့ချုပ် AFF Council Member အဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

**ကိုညီလေး**



## ဟုမ္မလင်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**ဟုမ္မလင်း နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ကြီးမှူးပြီး ဟုမ္မလင်းခရိုင်ဥပဒေရုံးနှင့် ဟုမ္မလင်းခရိုင် ပညာရေးမှူးရုံးတို့ပူးပေါင်း၍ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းကို နိုဝင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ ဟုမ္မလင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ဖွင့်လှစ်ပို့ချသည်။



အခမ်းအနားတွင် ဟုမ္မလင်းခရိုင်ဥပဒေအရာရှိနှင့် ဟုမ္မလင်းမြို့နယ် ဥပဒေအရာရှိ ဦးစောလင်းအောင်တို့က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို ဆွေးနွေးတင်ပြသင်ကြားပို့ချခဲ့ရာ ဟုမ္မလင်းမြို့နယ်၊ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်တို့မှ Grade-11 နှင့် Grade -12 ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားပေးနေသည့် အထက်တန်းပြ ဆရာ ဆရာမ ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

## ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုများ ပေးအပ်

**ညောင်လေးပင် နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အတွင်း ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် စိုက်ပျိုးနိုင်ခဲ့သည့် ဆုရရှိသည့်မြို့နယ်များနှင့် စက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်မှုတွင် အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့သည့် ကျေးရွာများအား ဂုဏ်ပြုဆုအဖြစ် တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် ငွေသားဆုအပါအဝင် သဘာဝမြေဩဇာများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ တာဝန်ရှိသူများက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများ ရာနှုန်းပြည့်ပြန်လည်ပေးဆပ်သော ကျေးရွာများ၊ မိုးစပါး၊ နွေစပါး အထွက်နှုန်းအများဆုံးထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများ၊ ပဲတီစိမ်းအထွက်နှုန်း အများဆုံးထွက်ရှိအောင်စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများ၊ မတ်ပဲအထွက်နှုန်းအများဆုံး ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများ၊ မြေပဲအထွက်နှုန်း အများဆုံးထွက်ရှိအောင်စိုက်ပျိုးနိုင်ခဲ့သည့်တောင်သူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေလင်း**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"အဖြစ်သို့ ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၆၀ ခန့်နှင့် ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

**မိုး/ဇလ**

# ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို ကလောင်စွမ်းအားဖြင့် မြှင့်တင်

သိဃ်သူ

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်။

**တစ်မိနစ်လျှင် ဥက္ကာပျံပေါင်း ၆၀၀ ထက်မနည်း ကောင်းကင်ကို ဖြတ်သန်းကြွေကျ**

ထိုနေ့ညဉ့်ဦးယံမှစကာ မန္တလေးရတနာပုံမင်းနေပြည်၏ အထက်မိုးတိမ်ကင်းသော ကောင်းကင်ယံ၌ ဥက္ကာပျံများ ထူးထူးခြားခြား တဖွဲဖွဲကြွေနေသည်။ တစ်မိနစ်လျှင် ဥက္ကာပျံပေါင်း ၆၀၀ ထက်မနည်း ကောင်းကင်ကို ဖြတ်သန်းကြွေကျခဲ့သည့် ထိုဖြစ်စဉ်သည် ကမ္ဘာ့မှတ်တမ်းဝင်သည့် ကြယ်မုန်တိုင်းဖြစ်စဉ်တစ်ခု (Spectacular meteor storm) ဖြစ်သော်လည်း ၁၉ ရာစုကာလ မြန်မာလူမျိုးတို့အဖို့မူ စိုးရိမ်ထိတ်လန့်ဖွယ် အတိတ်နိမိတ်တစ်ခုဖြစ်နေသည်။

နက္ခတ္တဗေဒပညာရှင်တို့က ဤဖြစ်စဉ်ကို နိုင်ငံနှင့် ဗုဒ္ဓသာသနာတော်အတွက် ခက်ခဲကြမ်းတမ်းမှုများကျရောက်လာမည့် အတိတ်နိမိတ်အဖြစ် ဟောကိန်းထုတ်ကြသည်။ တစ်ချိန်တည်းမှာပင် မန္တလေး၏အောက်ဘက် ဧရာဝတီမြစ်ကြောင်းထဲတွင်မူ ထိုခေတ် ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် ဗြိတိသျှတို့၏ စစ်ရေယာဉ်အုပ်စုတစ်စုက လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း ၎င်းတို့ တစ်ပိုင်းပြီးတစ်ပိုင်း သိမ်းပိုက်ခဲ့သည့် မြန်မာဘုရင်၏ပိုင်နက် နောက်ဆုံးလက်ကျန် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရန် ချဉ်းကပ်ရောက်ရှိနေခဲ့ပြီဖြစ်သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်။ မြန်မာပြက္ခဒိန်တွင် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ မွန်းလွဲပိုင်း၌ ဗိုလ်ချုပ် ပရင်ဒါဂတ်စ် ဦးဆောင်သည့် ဗြိတိသျှတပ်ဖွဲ့များ မန္တလေးမြေသို့ အခြေချကာ မြန်မာတို့၏ နောက်ဆုံးဘုရင်နှင့် မိဖုရားတို့ကို နာရီပိုင်းအတွင်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် အရှင်သခင်ကင်းမဲ့သွားပြီဖြစ်သော နန်းတော်ကြီးအတွင်း ရုတ်ရုတ်သဲသဲဖြစ်၍ ကျန်ရစ်ခဲ့သည်။ ထိုနေ့က ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသူ ပုဂံဝန်ထောက်မင်း ဦးတင် ( ၁၂၂၃-၁၂၉၅) က **“မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း”** ပဥ္စမပိုင်း၌ မှတ်တမ်းတင်ခဲ့ရာတွင် -

**“၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့မှာ နန်းတော်အတွင်းသို့ အင်္ဂလိပ်စစ်သည်တော်များ ဝင်ရောက်လာကြသည်။ မြန်မာတို့၏ ထုံးစံအတိုင်း ပုရပိုက်များကို ကျွန်းသေတ္တာကြီးအတွင်း ထည့်သွင်းကာ အလုပ်လုပ်ရာဌာနရှိသမျှနှင့် စာရင်းတိုက်မှာ ထားကြသည်။ ပုရပိုက်အမှတ်အသားထားသော သေတ္တာများမှာလည်း မရေမတွက်နိုင်လောက်အောင် များပြားသည်။ ထိုသေတ္တာအတွင်း ပုရပိုက်များနှင့်အတူ ဗောင်း၊ နားတောင်း၊ ဝတ်လုံစသော မင်းခမ်းမင်းနားနှင့် ဆိုင်သည့် အဝတ်အစားများ၊ ငွေများ၊ အဖိုးတန်သော အသုံးအဆောင်များကိုထားကြသည်။ အင်္ဂလိပ်စစ်ဗိုလ်၊ စစ်သားစသူတို့နှင့် ၎င်းတို့၏နောက်လိုက်များပါ သေတ္တာရှိသမျှကို ဖွင့်လှစ်ယူငင်ကြရာ အချို့မှာ အဖိုးတန်ပစ္စည်းများကိုရကြသည်။ အချို့မှာ ပစ္စည်းကိုမရသော်လည်း ပစ္စည်းရှိမည်အထင်နှင့် သေတ္တာများကို ဖွင့်လှစ်ရှာဖွေသည့်အတွက် ပုရပိုက်များမှာ အခေါက်ပျက်ကုန်ကာ ပစ်ထားလိုက်ကြသည်။**

**“နန်းတော်အတွင်း၌ အနှံ့အပြားဖြစ်နေသော ပုရပိုက်များကို အမှိုက်လှည်းသူများက စုဆောင်းကာ မြေပေါ်တွင်ပုံ၍ မီးရှို့ပစ်ကြသည်။ ထိုကဲ့သို့ မီးရှို့ကြဆဲတွင် တွေ့မြင်သူ ကူလီများသည် မီးရှို့ရာက အသာအယာယူကြရာ တစ်စုံတစ်ရာ တားဆီးကန့်ကွက်ခြင်း မရှိ၊ အလိုရှိရာ ယူခွင့်ရကြသည်။**

**“ထိုကဲ့သို့ မီးရှို့ကြခြင်း၊ ယူငင်ခြင်းမှာ စိတ်အထင် မှန်းခြေအားဖြင့် ခုနစ်ရက်တစ်ပတ်လောက် ကြာဟန်တူသည်။ ထိုအခါမှာ ကင်းဝန်မင်းကြီးလည်းမရှိသေး။ ရှင်ဘုရင်၊ မိဖုရား၊ သမီးတော်များနှင့်အတူ ရန်ကုန်သို့ပါသွားလျက်ရှိသည်။”** ဟူ၍ မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်ကို ရေးသားခဲ့သည်။

**ကျန်ရစ်နေသည့် ရှိသမျှသော ပုရပိုက်များမှာ လှည်းအစီးရေ ၄၀ ကျော်ခန့်ဖြစ်**

နန်းတော်တွင်း အဆောင်ဆောင် အခန်းခန်းများထဲမှ ရနိုင်သမျှသောပစ္စည်းများကို ရှာဖွေမွှေနှောက်ယူငင်ခြင်း၊ ရှေးမင်းအဆက်ဆက်ကပင် သိမ်းဆည်းလာခဲ့သော မြန်မာ့ယဉ်ကျေးမှု ပေစာထုပ်၊ ပုရပိုက်ထုပ်များ၊ မှတ်တမ်းမှတ်ရာများကို မြေကြီးပေါ်တွင်ပုံ၍ မီးရှို့ဖျက်ဆီးခြင်းတို့ကို အင်္ဂလိပ်စစ်ဗိုလ်၊ စစ်သားများက တံခါးမရှိ၊ ဓားမရှိ ပြုလုပ်နေကြခြင်းတို့မှာ ရက်သတ္တတစ်ပတ်ခန့်ကြာမြင့်ခဲ့ပြီးနောက် လွှတ်တော်အတွင်းမှ မြန်မာအရာရှိကြီးတစ်ဦးက ကာနယ်စလေဒင်ထံ လူလွှတ်၍ တားဆီးခိုင်းမှသာ အမိန့်ထုတ်တားဆီးခဲ့သည်။ လွှတ်တော်နန်းတော်များမှာ ကျန်ရစ်နေသည့် ရှိသမျှသော ပုရပိုက်များမှာ လှည်းအစီးရေ ၄၀ ကျော်ခန့်ဖြစ်ပြီး ရန်ကုန်သို့ပို့ဆောင်ခဲ့သည်။ မီးရှို့ဖျက်ဆီးခံလိုက်ရသည့် ပေ၊ ပုရပိုက်များမှာမူ ယင်းထက် သုံး၊ လေးဆခန့် များပြားခဲ့ရာ ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် စာပေနှင့် မှတ်တမ်းမှတ်ရာများ၏ ပမာဏမည်မျှကြီးမားမည်ကို မည်သူမျှ မသိနိုင်တော့။

> **“စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ပါကြောင်း၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှလူမျိုးတင့်မည်ပင် ဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ “ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်” ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ဒီယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်”**

*　　*　　*

**“စာပေ ဝတ္ထု၊ ရတု ကဗျာ၊ ပျို့လင်္ကာနှင့်၊**
**သာသည့်သီချင်း၊ အဲစောင်းငြင်းကို၊**
**မကင်းမပြတ်၊**
**ဖတ်ရှုလေ့ကျက်၊ တီးမှုတ်လျက်သာ၊**
**နေကောင်းစွာ၏”**

(ဝန်ကြီးပဒေသရာဇာ၊ ညောင်ရမ်းခေတ်)

မြန်မာစာပေ၏အစကို ပုဂံခေတ်က ဟူ၍ အခိုင်အမာတွေ့ရှိရသည့် ကျောက်စာအထောက်အထားအရ ညွှန်းဆိုကြသည်။ နောက်ထပ်သက်သေအထောက်အထားများ ထပ်မံထွက်ပေါ်လာပါက မြန်မာစာပေ၏ မူလအစသည် လက်ရှိယူဆထားကြသည်ထက်လည်း စောလျှင်စောနေလိမ့်ဦးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ မြန်မာစာပေယဉ်ကျေးမှုသည် ပုဂံခေတ်မှစတင်ကာ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည့်ခေတ်အဆက်ဆက်တို့တွင် တိုးတက်ဖွံ့ဖြိုးစည်ပင်ခဲ့သည်။ စာသည် ဘာသာစကား၏ သင်္ကေတဖြစ်ပြီး အသံကိုပေးသကဲ့သို့ အနက်အဓိပ္ပာယ်ကိုလည်းပေးသည်။ စာကို အနုပညာ ရသမြောက်စွာ၊ အနှစ်သာရပြည့်ဝစွာ ရေးသားဖွဲ့သီသောအခါ စာပေဖြစ်ပေါ်လာသည်။

ခေတ်ဟောင်း မြန်မာစာပေသမိုင်းကြောင်းတွင် စာပေကို ရေးသားဖွဲ့ဆိုကြသူများမှာ ရဟန်းတော်များ၊ ထီးရိပ်နန်းရိပ်မှ မင်းမှူးမတ်၊ မင်းညီမင်းသား၊ မင်းသမီးများနှင့် မင်းမှုထမ်းများ၊ ရပ်ရွာထဲတွင် နေထိုင်ကြသူများဖြစ်ကြပြီး ပျို့၊ မော်ကွန်း၊ ရတု၊ ချေင်း၊ လူးတား၊ ရကန်၊ သာချင်း၊ တေးထပ်၊ လေးဆစ်၊ နှစ်ဆစ်၊ မှာတမ်း၊ နန်းတွင်းဇာတ်၊ ပြဇာတ်၊ ရာဇဝင်၊ အရေးတော်ပုံ၊ ဗုံကြီးသံ၊ ဗုံထောက်သံ၊ သီချင်း၊ အိုင်ချင်း၊ တျာချင်း၊ နတ်ချင်း၊ ဒိုးချင်း၊ လွမ်းချင်း၊ သံချို၊ မေတ္တာစာ၊ ဟောစာ စသော စာပေအမျိုးအစားများကို ဖွဲ့ဆိုခဲ့ကြသည်။

စာအများစုမှာ စကားပြေထက် သာယာနာပျော်ဖွယ် အသံ၊ ကာရံများဖြင့် ရေးသား ဖွဲ့ဆိုကြခြင်းဖြစ်သည့်အတွက် စာသည် သာမန်အားဖြင့် ဖတ်ရန်မဟုတ်ဘဲ ရွတ်ဆိုရန်ဖြစ်သည်။ စာပေအမျိုးအစားအလိုက် အသံနေ၊ အသံထားဖြင့် ရွတ်ဆိုမှသာ အနက်အဓိပ္ပာယ်ကိုသာမက ရသကိုပါ ခံစားနိုင်သည်ဖြစ်ရာ စာပေကို ရေးသားဖွဲ့ဆိုသူတို့မှာ စာဆိုတော်များဖြစ်လာသည်။ မြန်မာ့သမိုင်းတစ်လျှောက် ခေတ်အလိုက် စာဆိုတော်များ ရေးသားခဲ့သည့် စာပေမြောက်မြားစွာတို့မှာ မမြဲသည့် တရားသဘောအရ ပျက်စီးခဲ့ကြရသလို လူတို့ဖျက်ဆီးမှုများကြောင့်လည်း ပျက်စီးခဲ့ကြရသည်။ ထို့အပြင် အလေးအနက်မရှိ တန်ဖိုးမထား၊ မေ့လျော့ပေါ့တန်မှုများကြောင့်လည်း ပျက်စီးကြရသည်။

*　　*　　*

**“မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊**
**မြန်မာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊**
**တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ။”**

(တို့ဗမာအစည်းအရုံး)

မြန်မာနိုင်ငံ ကိုလိုနီဘဝကျရောက်သွားသည့်အခါ မြန်မာလူမျိုးတို့မှာ အုပ်ချုပ်မှုပုံစံ အပြောင်းအလဲ၊ လူမှုပတ်ဝန်းကျင် အပြောင်းအလဲများနှင့် ကြုံတွေ့ကြရပြီး မလွှဲသာမရှောင်သာဆိုသလိုပင် အစဉ်အလာထုံးဓလေ့များ၊ တန်ဖိုးထားမှုစံနှုန်းများလည်း ပြောင်းလဲလာခဲ့ကြသည်။ အစဉ်အလာပညာရေးဖြစ်သော ဘုန်းတော်ကြီးသင်ပညာရေးသည် အစိုးရအလုပ်အကိုင် ရာထူးရာခံများကို မျှော်မှန်းနိုင်သည့် အစိုးရကျောင်းများ၏နောက်သို့ ရောက်သွားကာ မှေးမှိန်သွားရပြီး ကျေးလက်ဒေသများတွင်သာ ဆက်လက်ရှင်သန်နိုင်ခဲ့ကြသည်။

အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားတတ်သူတို့သာလျှင် မင်းပေါက်စိုးပေါက်အရာရောက်ကြသည့်အခါ မြန်မာစာ၊ မြန်မာစကားက အောက်ကျနောက်ကျဖြစ်လာသည်။ အင်္ဂလိပ်အစိုးရမင်းတို့ကိုသာ ဘုရားထူးမော်ဖူးနေကြရခြင်း ဖြစ်သည့်အလျောက် တိုင်းတစ်ပါးသားတို့ကို အရှင်သခင်အဖြစ် မြင်လာပြီး မိမိလူမျိုး၊ မိမိကိုယ်ကို နိမ့်ကျသူအဖြစ် မြန်မာတို့ရှုမြင်လာသည်။ တစ်နည်းအားဖြင့် ကျွန်စိတ်ပေါက်လာခြင်းပင်ဖြစ်ရာ ခေတ်ပညာတတ် မျိုးချစ်လူငယ်တစ်စုတို့ ၁၉၃၀ ပြည့်နှစ်တွင် စတင်တည်ထောင်လိုက်ကြသည့် တို့ဗမာအစည်းအရုံးက မြန်မာပြည်သူလူထုကို ဇာတိသွေး၊ ဇာတိမာန်တို့ တက်ကြွနိုးကြားလာကြစေရန် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တပ်လှန့်သတိပေးခဲ့သည်။

**ပေါ်ထွက်လာသည့် ခေတ်စမ်းစာပေနှင့် တိုးတက်သော မြန်မာလူငယ်တို့၏ နဂါးနီစာအုပ်အသင်း**

မိမိတို့သည် ကျွန်လူမျိုးများ မဟုတ်ကြောင်း အသိပေးသည့်အနေဖြင့် သခင်ဘွဲ့ကို ခံယူခဲ့ကြသလို မိမိနိုင်ငံကို ချစ်ရန်၊ မိမိတို့စာကို ချီးမြှင့်ရန်၊ မိမိတို့၏ စကားကို လေးစားရန်လည်း ကြွေးကြော်အသိပေးခဲ့ကြသည်။ ၁၉၃၀ ပြည့်လွန် ဆယ်စုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်နယ်မြေမှ ပေါ်ထွက်လာသည့် ခေတ်စမ်းစာပေနှင့် တိုးတက်သော မြန်မာလူငယ်တို့၏ နဂါးနီစာအုပ်အသင်းတို့က မြန်မာစာပေကို သွေးသစ်လောင်း အားဖြည့်ပေးနိုင်ခဲ့ကြသည်။

၁၉၄၀ ပြည့်နှစ်တွင် ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော် ဦးချစ်မောင်တို့၏ ဦးဆောင်ဦးရွက် ကမကထပြုမှုဖြင့် မြန်မာနိုင်ငံ စာရေးဆရာများအသင်းဖွဲ့စည်းပေါ်ပေါက်လာပြီးနောက် လေးနှစ်အကြာတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်) တွင် စတင်ကျင်းပခဲ့သည်။ စာဆိုတော်နေ့ကျင်းပရခြင်းသည် မြန်မာစာပေကို သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက် ထွန်းကားလာစေရန် နှလုံးရည်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုများ၏ ကျေးဇူးကို ချီးကျူးဂုဏ်ပြုခြင်းပင်ဖြစ်သည်။

မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာပေပညာရှင်ကြီးများက စာပေများ ပြုစုရေးသားစွမ်းဆောင်ကြသကဲ့သို့ပင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များ၏ အားပေးချီးမြှောက်မှုများကလည်း မြန်မာစာပေလောကကို ပိုမို၍ တိုးတက်ထွန်းကားစည်ပင်စေသည်။ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပုဂ္ဂလိကစာပေဆုများဖြင့် စာပေပညာရှင်ကြီးများကို ချီးကျူးဂုဏ်ပြုခြင်း၊ စာပေမျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန် မြေတောင်မြှောက်ပေးခြင်း၊ စာတမ်းဖတ်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများကို ဆောင်ရွက်ပေးသကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာပေလောကသားတို့၏ ဆုံမှတ်အဖြစ် စာဆိုဗိမာန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စာပေဆုများတွင် အမြင့်ဆုံးသော အမျိုးသားစာပေဆုသည် နိုင်ငံတော်အဆင့် ချီးမြှင့်သည့်ဆုဖြစ်ပြီး ၁၉၄၈ ခုနှစ်မှ စတင်ကာ **“စာပေဗိမာန်ကာလပေါ် ဝတ္ထုဆု”**၊ **“ စာပေဗိမာန်ဆု”**၊ **“အနုပညာစာပေဆိုင်ရာဆု”** ၊ **“အမျိုးသားစာပေဆု”** စသည်ဖြင့် ဆုအမည်အမျိုးမျိုးပြောင်းလဲခဲ့သလို ဆုချီးမြှင့်သည့် ဘာသာရပ်များလည်း တိုးတက်ချီးမြှင့်ပေးခဲ့သည်။ ထို့အပြင် မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ပြီး သုတ၊ ရသစာပေများ ရေးသားပြုစုသည့် လုပ်ငန်းကို

**စာမျက်နှာ ၁၉ သို့** ★

# မန္တလေးပညာရေးဒီဂရီကောလိပ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၉**

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် Grade 11 နှင့် Grade 12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး ပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီး ဥပဒေအရာရှိဦးအေးသိန်းနှင့် တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်းတို့က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

**ပြောကြား**

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ဝက်ဝံ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးအောင်ကျော်က ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း တက်ရောက်ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းကို ၁၀ ရက်တာကာလ အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေဘာသာရပ် ခုနစ်ခု ပို့ချခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၃၃၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မောင်အေးချမ်း**

# မရမ်းကုန်းမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ မြေလတ်ထင်ကျော်မိုးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးသည်။

**ဆွေးနွေး**

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်နှင့် အလက(၁)မှ ဒုလယ်ပြ ဒေါ်သီသီထွန်းတို့က ဆောင်ရွက်ခဲ့ပြီး လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် စာရိတ္တ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ဆွေးနွေးဟောပြောခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

★ **စာမျက်နှာ ၁၈ မှ**

ဘဝတစ်လျှောက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများအား အသိအမှတ်ပြုချီးမြှောက်သည့်အနေဖြင့် **"အမျိုးသားစာပေတစ်သက်တာဆု"**ကို ၂၀၀၁ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့သည်။

**စာပေဗိမာန်စာမူဆု**

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိသည့် ကလောင်ရှင်များ၏ စာမူကောင်းများကို စာအုပ်အဖြစ် ထုတ်ဝေပေးရန်နှင့် ဆုချီးမြှင့်ပေးနိုင်ရန်အတွက် **"စာပေဗိမာန်စာမူဆု"** ကို ပြိုင်ပွဲဝင်စနစ်ဖြင့် ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသည်။

* * *

၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများကိုလည်းကောင်း၊ စာပေဗိမာန်စာမူဆုများကိုလည်းကောင်း နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ ၂၀၂၃ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုကို စာပေပညာရှင်ကြီးခြောက်ဦးတို့အား ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ တစ်နှစ်တာအတွက် အများဆုံးရွေးချယ်မှုပင်ဖြစ်ပြီး ဆရာကြီးဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ ဆရာကြီး ဒေါက်တာတိုးလှ၊ ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ- ထားဝယ်)၊ ဆရာကြီးဒေါက်တာကျော်ဝင်း (သမိုင်း)နှင့် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) တို့ကို ရွေးချယ်ခဲ့သည်။

၂၀၂၃ ခုနှစ် အမျိုးသားစာပေဆုကို ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုဆု၊ ကဗျာ (ဂန္ထဝင်)ဆု၊ စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆု၊ ကလေးစာပေဆု၊ လူငယ်စာပေဆု၊ ဘာသာပြန် (သုတ) ဆု၊ သုတပဒေသာ (ဝိဇ္ဇာဆု)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆု၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆု၊ နိုင်ငံရေးစာပေဆု၊ အင်္ဂလိပ်ဘာသာ(သုတ)ဆု၊ ရသစာတမ်း (အက်ဆေး)ဆု၊ ရည်ညွှန်းစာပေဆုဟူ၍ စုစုပေါင်းဘာသာရပ် ၁၅ ခုတို့အတွက် ရွေးချယ်ခဲ့သည့် စာအုပ်များနှင့် စာရေးဆရာများကို ထုတ်ပြန်ကြေညာခဲ့ပြီး အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီးတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ ဘာသာပြန်စာပေနှင့် အင်္ဂလိပ်စာမူဟူ၍ စုစုပေါင်း ဘာသာရပ် ၁၃ ခုတို့အတွက် ပြိုင်ပွဲဝင်စာမူများမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ၊ စာပေဗိမာန်ဆုများကို လာမည့် ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ရက် (စာဆိုတော်နေ့) (၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ (တနင်္ဂနွေနေ့)) တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ၊အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

* * *

လောကတွင် (၁) အကောင်းတရားသာဓုဓမ္မ (The Good)၊ (၂) အမှန်တရားသစ္စဓမ္မ (The Truth)၊ (၃) အလှတရားကလျာဏဓမ္မ (The Beautiful) ဟူ၍ ပရမတ်အမြတ်တရားကြီး သုံးပါးရှိသည်နှင့် အညီ လောကလူမှုရေးရာများနှင့် ထိုရေးရာများတွင် ကြီးမှူးဆောင်ရွက်သူများ၊ စာပေနှင့် စာရေးဆရာများကိုလည်း သုံးမျိုးသုံးစားခွဲခြားနိုင်သည်ဟု ၁၉၂၀ ကောလိပ်သပိတ်ခေါင်းဆောင်၊ ရှေးဟောင်းသုတေသီ၊ မြန်မာစကားပညာရှင် ဆရာကြီး ဦးဖိုးလတ်က စာပေနှင့်စာရေးဆရာ အမည်ရှိ ဆောင်းပါးတွင် ရေးသားခဲ့သည်။

လောကလူမှုရေးရာတွင် **အကောင်းတရားသာဓုဓမ္မ** – လူတို့၏ ကောင်းစားရေး၊ ကြီးပွားတိုးတက်ရေး၊ ချမ်းသာကြွယ်ဝရေး စသည်တို့တွင် ကြီးမှူးဆောင်ရွက်နေသူများမှာ မင်းများ၊ အမှုးအမတ်များ၊ အုပ်ချုပ်ရေးအာဏာပိုင်များ၊ နိုင်ငံရေးခေါင်းဆောင်များ စသည်တို့ဖြစ်သည်။ **အမှန်တရားသစ္စဓမ္မ** – လူတို့၏ အသိဉာဏ်တိုးတက်ရေး၊ နိယာမတရားများကို နားလည်ရေး၊ ယုံကြည်ကိုးကွယ်ရေး၊ ပညာရေး၊ လေ့ကျင့်နေထိုင်ရေးတို့တွင် ဦးတည်ဆောင်ရွက်နေသူများမှာ ရသေ့ရဟန်းများ၊ လောကဓာတ်ဆရာကြီးများ၊ သိပ္ပံပညာသည်ကြီးများ၊ စာပေသင်ကြားပို့ချပေးနေကြသော ဆရာ ဆရာမများ စသည်တို့ဖြစ်သည်။ နောက်ဆုံး **အလှတရား–ကလျာဏဓမ္မ**– လူတို့၏ တင့်တယ်ရေး၊ မြင့်မြတ်ရေး၊ စိတ်သာယာကြည်နူးရေး၊ စိတ်သဘော ဖြူစင်ဖြောင့်မတ်သိမ်မွေ့ရေး၊ လူတို့၏ယဉ်ကျေးမှုအတွက် လုံးပန်းဆောင်ရွက်နေသူများမှာ ဗိသုကာဆရာကြီးများ၊ ပန်းပုဆရာများ၊ ပန်းချီဆရာများ၊ ကဗျာလင်္ကာဆရာများ၊ ပန်တျာသည်များ၊ ကပြသူ သဘင်သည်များ စသော အနုပညာသည်များဖြစ်ကြသည်ဟု ဆရာကြီး ဦးဖိုးလတ်က ဖွင့်ဆိုထားပြီး အဆိုပါ အမြတ်တရားကြီး သုံးပါးလုံးတွင် စာပေနှင့် စာရေးဆရာများ ပါဝင်နေသည်ဟု ဆိုခဲ့သည်။

ဆိုလိုသည်မှာ စာရေးဆရာသည် သူ၏စာပေဖြင့် လောက၏ အမြတ်တရားကြီးသုံးပါးဖြစ်သော အကောင်းတရား၊ အမှန်တရား၊ အလှတရားတို့ကို ဖွဲ့ဆိုပြီး လူသားတို့ ကြီးပွားတိုးတက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ စိတ်နှလုံးဖြူစင်ဖြောင့်မတ် သိမ်မွေ့ရေးတို့ကို စွမ်းဆောင်ပေးနေကြခြင်းပင်ဟူ၍ ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် မြန်မာ့သမိုင်းတစ်လျှောက်တွင် မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေအားဖြင့် နိုင်ငံ့အကျိုးစီးပွား နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြုပူဇော်သောအားဖြင့် စာဆိုတော်နေ့ကျင်းပခြင်းနှင့် စာပေဆုများချီးမြှင့်ပေးသည့်ဓလေ့ကို အနာဂတ်ကာလများသို့ ဆက်လက်ကမ်းယူ သယ်ဆောင်သွားကြရမည် ဖြစ်သည်။

ထို့အပြင် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ နိုင်ငံနှင့် လူမျိုး၏အကျိုးကို ဆောင်ကြဉ်းနိုင်သည့် စာကောင်းပေမွန်များ အနာဂတ်တွင် ရှင်သန်ဖွံ့ဖြိုးနိုင်ရေးအတွက်လည်း မျိုးဆက်သစ်၊ ကလောင်သစ် စာပေပညာရှင်များ ဆက်လက်ပေါ်ထွန်းနေရန် လိုအပ်သည်။

**စာအုပ်မျိုးစုံသည်**
**လူသားများ၏ ခေတ်ကြေးမုံဖြစ်**

**"စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ပါကြောင်း၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင် ဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံ၏ ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ "ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်" ဆိုသည့် သတိပေးဆိုရိုးစကား အတိုင်းလိုက်နာပြီး ဒီယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို အသိပေးပြောကြားလိုပါကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယမန်နှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား အမှာစကားတွင် ပြောကြားခဲ့ရာ နိုင်ငံနှင့်လူမျိုးတို့၏ ယဉ်ကျေးမှုမြင့်မားရေး၊ အမျိုးသားရေးစိတ်ဓာတ် မြင့်မားရေးတို့အတွက် စာပေပညာကလောင်စွမ်းအားဖြင့် ဆက်လက်မြှင့်တင်ပေးနိုင်ကြပါရန် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပမည့် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ကြီးအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးသားလိုက်ရပါကြောင်း။ ။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ မီဒီယာများမှ ရေးသားဖော်ပြထားသည့် မြန်မာ့တပ်မတော်(ရေ)မှ ပစ်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသအနီး ငါးဖမ်းနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဆိုသည့် သတင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက်

နေပြည်တော် နိုဝင်ဘာ ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါးဖမ်းစက်လှေတစ်စင်းသည် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသ ကော့ဘဇားရှိ စိန့်မာတင်(St Martin)ကျွန်းအနီး နိုဝင်ဘာ ၂၇ ရက်တွင် ငါးဖမ်းနေစဉ် မြန်မာ့တပ်မတော်(ရေ)မှ ပစ်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်ဟူ၍ အဆိုပါနိုင်ငံရှိ http;//www. Dhakatribune.com / Bangladesh / nation / 366495 / Bangladeshi–fisherman–injurred–by–myanmar–navy များ၌ ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စိစစ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မီဒီယာများ၌ ဖော်ပြထားသည့် နိုဝင်ဘာ ၂၇ ရက်တွင် အဆိုပါနေရာ၌ မည်သည့် မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်များမရှိဘဲ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အချိန်ခန့်၌ စစ်တွေဘက်မှ ရေ/ရိက္ခာ ဖြည့်ဆည်းပြီး ပြန်လည်ထွက်ခွာလာသည့် စစ်ရေယာဉ်တစ်စင်းသာ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၄ ဒသမ ၁ မိနစ်နှင့် အရှေ့လောင်တီတွဒ် ၉၂ ဒီဂရီ ၂၆ ဒသမ ၇ မိနစ် မြင်းလွတ်ရွာ၏ အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာ၌ ရောက်ရှိအခြေပြုလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ဖြစ်စဉ်များသည် နှစ်နိုင်ငံနယ်ခြားစောင့်တပ်အချင်းချင်း အောက်ခြေအဆင့် ညှိနှိုင်းဖြေရှင်းနိုင်သော်လည်း မီဒီယာများမှ နှစ်နိုင်ငံအစိုးရချင်း၊ ပြည်သူအချင်းချင်း ရှိပြီးချစ်ကြည်ရင်းနှီးမှုအား ပျက်ပြားစေရန်နှင့် အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်နိုင်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးထိခိုက်မှု၊ ပျက်ပြားမှုမရှိစေရေး နယ်စပ်ဒေသဆက်ဆံရေးအား မြန်မာနိုင်ငံအစိုးရဘက်မှလည်း သတိပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် ရောက်ရှိနေသည့် တည်နေရာပြမြေပုံ။

# စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့ရှိ ကျောက်ပုံ၊ ခဲပစ်ရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့၍ ဒေသခံနှစ်ထောင်ကျော် ယာယီနေရပ်စွန့်ခွာနေရသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေ




နေပြည်တော် နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့ရှိ ကျောက်ပုံ၊ ခဲပစ်ရွာများကို နိုဝင်ဘာ ၂၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့၍ ဒေသခံ နှစ်ထောင်ကျော် ယာယီနေရပ်စွန့်ခွာနေရသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာများကို လိုအပ်သောနယ်မြေလုံခြုံရေးလုပ်ငန်းများ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုရှိခဲ့သော်လည်း ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း တရားမဝင်ခိုအောင်းနေထိုင်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို စေတီပုထိုးများ၊ စာသင်ကျောင်းများ၊ နေအိမ်များကို အကာအကွယ်ရယူ၍ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိစေရန် ချောင်းမြောင်းပစ်ခတ်ခြင်း၊ အလစ်အငိုက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်/ကျေးရွာများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်မှာ ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၀၉၅ | ၃၀၇၀ | ၃၀၂၅ | ၃၁၀၀ | ၃၁၁၀ | ၃၁၂၅ | ၃၀၇၅ | ၄၅၀၅ | ၃၂၃၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၃၅ | ၃၁၂၀ | ၃၁၃၅ | ၃၅၄၀ | ၃၉၅၀ |
| 95 Ron | ၃၁၈၀ | ၃၂၆၅ | ၃၂၄၀ | ၃၁၉၀ | ၃၂၆၅ | ၃၂၇၅ | ၃၂၉၀ | ၃၂၄၅ | ၄၅၆၀ | ၃၄၀၀ | ၃၂၅၀ | ၃၂၇၀ | ၃၃၀၀ | ၃၂၉၀ | ၃၃၀၀ | ၃၇၀၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၁၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | - | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၁၈၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | ၄၈၃၀ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | - |
| HSD (10 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | - | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၀ | ၂၉၄၉ |
| 95 Ron | ၃၀၂၀ | ၃၁၁၄ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၀၉ |
| HSD (50 ppm) | ၃၁၂၅ | ၃၂၀၇ |
| HSD (10 ppm) | ၃၁၂၅ | ၃၂၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “@phyuxin 1111” TikTok အကောင့်နှင့် “Phyu Zin(Phyu)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၉)ရပ်ကွက်နေ ဖြူဖြူလွင်(ခ)ဖြူဇင်အား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ရန်ကုန်တွင်အခြေချနေထိုင်ပြီး လူလည်းနေစီးပွားရေးလုပ်ရန်အဆင်ပြေသော သုဝဏ္ဏ VIP–2 လမ်းမတန်းလမ်းကျယ်၊ မျက်နှာစာ(70') x ရှေ့နောက်(90')၊ (45' x 50') 2RC တိုက်(1)လုံး၊ (12' x 25')နှစ်ထပ်တိုက်(1)လုံး၊ ဂရန်မြေ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊

**ကျပ်သိန်း (40,000)**

၂။ အရှေ့ဒဂုံ၊ စပ်စံထွန်းလမ်းမ၊ မြေအကျယ် (20' x 60')၊ မြေပို(60')ပါ၊ မြေပေါ်အကျယ် (20' x 120')၊ အိမ်(1)လုံးပါ၊ ဂရန်မြေ၊ လူနေပြီး စီးပွားရေးလုပ်ရန်နေရာကောင်း။

**ကျပ်သိန်း (3,500)**

၃။ ဆယ်အိမ်တန်းကမ်းခြေရှိ ဘန်ဂလို(15)လုံး၊ စားသောက်ခန်းမ(1)ခု၊ ဝန်ထမ်းလိုင်းခန်းပါ ဈေးရှိပ်သာ၊ ရင်းနှီးမြှုပ်နှံထားပြီး အရန်သင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် မြေဧရိယာ(2)ဧကခန့် ကျယ်သောဈေးရှိပ်သာ။

**ကျပ်သိန်း (15,000)**

၄။ သန်လျင်မြို့၊ ထမလုံ၊ မြယာရိုး၊ ဥယျာဉ်ခြံမြေ၊ မြေဧရိယာ(1.27ဧက)၊ ဘုန်းကြီးကျောင်း၊ ရိပ်သာလှူဒါန်းလိုသူများနှင့် အေးအေးချမ်းချမ်းနေလိုသူများအတွက် အချက်အချာကျနေရာကောင်း၊ သီလဝါဥယျာဉ်အိမ်ရာကပ်လျက်၊ သီးနေသော စိန်တလုံးသရက်ပင် ရာကျော်ပါသော ခြံကြီး။

**ကျပ်သိန်း (8,000)**

၅။ သာစုကန်၊ အမှတ်(၄)လမ်းမကြီးအနီး၊ သာစုကန်ဘုရားဘေး၊ မြေပိုင်မြေ၊ ပြည်နယ်နှင့် တိုင်းများမှ ရန်ကုန်တွင် အဖွဲ့လိုက်အခြေချ နေလိုသူများအတွက် ဧကကွက်ကြီး၊ 1Sqft ကို ငွေကျပ် 45,000/–ဈေးဖြင့် ရမည့်ခြံကြီး၊ ပုဂ္ဂလိက ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံဖွင့်ရန် နေရာကောင်း၊ အိမ်ရာကွက်ဖော်လိုသူများ၊ အပန်းဖြေစခန်း လုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း။ မြေဧက(15)ဧကကျော်။

**ကျပ်သိန်း (300,000)**

**ဖုန်း – 09–5178979, 09 –451146685, 09–251790828, 09–755170655**


❂ **MNL မှ**

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ယခုပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်သော်လည်း ရန်ကုန်အသင်းက အနိုင်ရသဖြင့် အဆင့်(၆) နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၁၀ မိနစ်တွင် ကျော်သူလင်း၊ ၃၁ မိနစ်တွင် ထက်ထက်အောင်၊ ၄၇ မိနစ်တွင် သန်းထိုက်အောင်၊ ၈၈ မိနစ်တွင် စောမင်းခန့်နိုင်တို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ အဆင့်(၅) နေရာ ရရှိခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် အားရှယ်၊ ၄၁ မိနစ်တွင် ကောင်းခန့်ကျော်၊ ၇၁၊ ၈၄ မိနစ်တွင် စိုင်းဖေယျာကျော်က သွင်းယူခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ တောင်ဒဂုံကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ပဒုမ္မာကွင်း၌ Dagon Port အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MNL**

❖ **ဆိုင်ကလုန်းမှ**

မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက် – အနောက်တောင်ဘက် ရေမိုင် ၆၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၆၀ ခန့်နှင့် ပူဒူချယ်ရီမြို့၏ အရှေ့–အရှေ့တောင်ဘက် ရေမိုင် ၁၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ်သည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူး မြောက်ပိုင်းကမ်းခြေ ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ်၏အရှိန်ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ **မိုး/ဇလ**

## အင်းစိန်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း အင်းစိန်–ရွာမတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက အင်းစိန် အထက(၆) ပညာတံခွန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဘိုကြည်က ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ညွှန်ကြားရေးမှူး ဦးဇေယျာအောင်က ကျေးဇူးတင်စကားပြောကြား၍ ဦးဘိုကြည်က ကျောင်းစာကြည့်တိုက်အတွက် ဗဟုသုတရဖွယ် သုတ၊ ရသ စာအုပ်များ လှူဒါန်းသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က မေးမြန်းဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူလေးဦးတို့က လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် ယဉ်ကျေးမှုစသည့် အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်ဓာတ်ပုံပြပွဲပြမှီနိုင်းနှင့် ဗဟုသုတရဖွယ် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များကို တက်ရောက်လာသူများနှင့် ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုအိမ်ရာ၊ တိုက်အမှတ်(E)၊ တိုက်ခန်းအမှတ်(၀၉–၀၇)၊ အကျယ်အဝန်း(၁၄၅၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒို တိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက် **ဦးသီဟထွန်း** [၈/ပခက(နိုင်)၁၄၃၃၄၁] ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၇၈၅/၂၀၂၂)ရရှိထားသူ **ဦးခင်မောင်စိုး** [၁၀/မလမ(နိုင်)၀၃၆၄၁၇] မှ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မွန်မွန်ချို (LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မာန်ပြေ(၂)လမ်းအနောက်၊ အမှတ်(၈၄၃)၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ မြေညီထပ်၊ (တိုက်မျက်နှာမူ လက်ယာဘက်အခန်း)၊ ဧရိယာ(၁၇ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ (သိန်းသန်းကြွယ်ဆောက်လုပ်ရေး) (ကန်ထရိုက်တာ) ဦးကျော်ဆန်း [၁၂/ဒပန(နိုင်)၀၄၀၆၀၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းခမ်းဆာ [၁၃/လရန(နိုင်)၀၃၆၈၃၂]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းဆာ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph–09–450023651,09–793568375**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၊ မြေကွက်အမှတ်–၆၃/ဃ+၆၄/ဃ၊ ၀.၀၅၂ ဧက မြေကွက်တည်နေရာအမှတ်–၈၁၅၊ ဗဟိုလမ်း၊ ၁–ရပ်ကွက် ဒေါ်သန်းနွဲ့ [၁၂/လမန(နိုင်) ၀၉၉၆၅၇] အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေအား အမည်ပေါက် (မိခင်)ဖြစ်သူ ဒေါ်သန်းနွဲ့သည် ၅–၃–၂၀၁၉ ရက်နေ့တွင် လည်းကောင်း၊ (ဖခင်)ဖြစ်သူဦးမောင်ကြည်(ခ)ဦးကြည်သည်(၂၉–၃–၁၉၈၀) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် မိခင်/ဖခင်တို့တွင် ဦးသက်ထွန်း၊ ဦးသန်းထွန်း၊ ဦးတင်ထွန်းနှင့်ဒေါ်သန်းသန်းဆင့်တို့ သား/သမီး(၄)ဦးထွန်းကားခဲ့ရာ သားတစ်ဦးဖြစ်သူ ဦးသက်ထွန်း သည် ၁၇–၃–၂၀၀၀ ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပြီး သားတစ်ဦးဖြစ်သူဦးသန်းထွန်းသည် အမည်ပေါက်(မိခင်)ထက်စော၍ ၂၂–၉–၂၀၁၂ ရက်နေ့တွင် အသီးသီးကွယ်လွန်ခဲ့ရာ ကျန်သားသမီး (၂)ဦးဖြစ်ကြသည့် ဦးတင်ထွန်း [၁၂/လမန(နိုင်)၀၉၉၆၇၀]၊ ဒေါ်သန်းသန်းဆင့် [၁၂/လမန(နိုင်) ၀၉၉၆၅၅] တို့နှင့်အမွေမဖိမြေးဖြစ်သော ဦးစံထူး [၁၂/လမန (နိုင်) ၁၄၈၇၂၃] (ဖခင်ဦးသန်းထွန်းအစား)တို့မှ မိခင်၊ ဖခင်၊ အဘိုး၊ အဘွားနှင့် ကျွန်တော်/ကျွန်မတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျွန်တော်/ကျွန်မတို့မှ လွဲ၍ ကိတ္တိမအမွေစားအမွေခံသား/ သမီးများအပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံမည့်သူ မရှိပါကြောင်း(၂၃–၉– ၂၀၂၄)ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဒေါ်သန်းနွဲ့၊ ဦးကြည်နှင့် ဦးသန်းထွန်းတို့၏သေစာရင်း(၃)စောင်၊ ဦးသက်ထွန်း၏ သေစာရင်းသွင်းမိတ္တူမှန်၊ နှစ်(၆၀)မြေငှားဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ စိန်ဗေဒါလမ်း၊ အမှတ်(၆၆၅) မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိ (ဂရန်မူရင်း)မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးအောင်စိုး (AA–၀၆၅၈၇၄)အမည်ဖြင့်မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ဌေးဌေးမြင့် [၁၂/တမန(နိုင်)၀၅၅၁၀၈] မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း ၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ (၁၅)ရပ်ကွက်၊ အောင်သုခလမ်းမကြီး၊ အိမ်အမှတ် (၅၈၁)ဟုခေါ်တွင်သော ဦးပိုင်အမှတ်(၂၉၁)၏ ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်– P.3 ဗိုလ်ချုပ်မှတ်သားတည်ရှိသော မြေအကျယ်အဝန်း (၁၇x၆၀)ပေရှိ မြေနှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသော တစ်ထပ်တိုက်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်ဖြစ်သည်ဟု ဝန်ခံအဆိုပြုသူများဖြစ်ကြသော ဒေါ်ဌေးဌေးလွင် [၁၄/ဖပန(နိုင်)၂၀၇၁၈၈] ဒေါ်အေးအေးမွန် [၁၄/ဖပန(နိုင်)၀၁၄၃၂၄]၊ ဦးခင်မောင်သိန်းထွန်းဝင်း [၁၄/ဖပန(နိုင်)၀၁၄၄၀၁]၊ ဒေါ်စောစန္ဒာလွင် [၁၄/ဖပန(နိုင်)၁၃၆၂၉၇]တို့မှ မိမိတို့ ကိုယ်တိုင်လွတ်လပ်စွာ ရောင်းချစီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း တာဝန်ခံလျက် ကာလတန်ဖိုးနှင့်အညီ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူသဖြင့်(၉– ၁၀– ၂၀၂၄)ရက်နေ့တွင် ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်သန့်** — **ဒေါ်သူဇာဝင်း**
**[၁၄/ဘကလ (ပြု)၀၀၀၀၆၇]** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၁၁/၂၀၂၂)**
**အမှတ် (ခ/၆၆၆)၊ကံကော်မြိုင်လမ်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–450423400, 09–792377002**


**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**


## ပြင်ဆင်ဖတ်ရှုပါရန်

၁၂–၉–၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၅)ဦးချစ်ကိုကို၏အမည်ပြောင်းတွင်မြေအမည်ပေါက်ဒေါ်လီတာမန်အစားမြေအမည်ပေါက်–ဒေါ်လီတာမန့်ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ သုံးထပ်ကျောင်းရပ်ကွက်၊ ဦးပိုင်အမှတ် – က/၄၃၊ ဧရိယာ (၀.၀၂၄) ဧကအကျယ်အဝန်းရှိ ဂရန်မြေသည် ခရိုင်ရုံးအမှုအမှတ်–၁၉၅/၁၉၆၈–၆၉ အရ (၂–၁–၁၉၇၀) ရက်နေ့မှ (၁–၁–၂၀၀၀) ရက်နေ့အထိ နှစ် (၃၀) ဂရန်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးရဲရွှေ၊ ဒေါ်ခင်လွှမ်းတို့မှ ယင်းဂရန်မြေကွက် အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးကျင်စိုး + ဒေါ်ခင်မြင့်မြင့်တို့အား မြောင်းမြမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်– ၁၇/၁၉၇၀ ဖြင့် အပြီးအပိုင်စွန့်လွှတ်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂၇–၅–၁၉၈၉) ရက်နေ့တွင် ဦးကျင်စိုး + ဒေါ်ခင်မြင့်မြင့်တို့မှ ဦးမျိုးဆွေထံသို့ မေတ္တာဖြင့် အပိုင်ပေးအရပ်ကတိစာချုပ်ဖြင့် ပေးကမ်းရာ ဦးမျိုးဆွေ+ဒေါ်အေးအေးဝင်းတို့မှ ဆက်လက်နေထိုင် အကျိုးခံစားခဲ့ပါသည်။ ဦးမျိုးဆွေ+ဒေါ်အေးအေးဝင်းတို့မှ (၁၅–၈–၂၀၁၅) ရက်နေ့တွင် အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား သားများဖြစ်ကြသော ဦးခင်မောင်မျိုးနှင့် ဦးကျော်ကျော်မျိုးတို့ထံသို့ အရပ်ကတိစာချုပ်ဖြင့် မေတ္တာဖြင့် အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးကမ်းခဲ့ရာ သမီးများဖြစ်ကြသော ဒေါ်အေးအေးမျိုးနှင့် ဒေါ်အိအိမျိုးတို့မှလည်း သဘောတူညီခဲ့ကြပြီး ဦးခင်မောင်မျိုးနှင့် ဦးကျော်ကျော်မျိုးတို့မှ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့အပေါ် ယနေ့တိုင် ဆက်လက်နေထိုင် အကျိုးခံစားလျက်ရှိပါသည်။ ဦးမျိုးဆွေမှာ (၉–၁–၂၀၁၆)ရက်နေ့တွင်ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်အေးအေးဝင်းမှာ သာသနာ့ဘောင်သို့ အပြီးတိုင် ဝင်ရောက်သွားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ဦးရဲရွှေ + ဒေါ်ခင်လွှမ်းအမည်ပေါက် မြေကွက်၏ မြေငှားဂရန်အမည်အား ဦးခင်မောင်မျိုး [၁၄/မမန(နိုင်)၀၀၃၆၈၄] နှင့် ဦးကျော်ကျော်မျိုး [၁၄/မမန(နိုင်)၀၀၃၆၈၅] အမည်သို့ ပြောင်းလဲ၍ သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများ၊ တရားရုံးဒီကရီ အမိန့်များတို့ဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါဂရန်မြေကွက်အား ဦးခင်မောင်မျိုး၊ ဦးကျော်ကျော်မျိုးအမည်သို့ ပြောင်းလဲသက်တမ်းတိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ .**
**ဦးမောင်မောင်သူရ (မြောင်းမြ)**
**LL. B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၀၈)**
**အမှတ်–၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁၈၄၀၄၂၊ ၀၉–၇၉၅၁၈၄၀၄၂**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်)

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဈ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၈၆၅.၉၃၂** ) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **<u>အထူးဆုကြီး</u>** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **<u>ဆုတစ်ဆုချင်း</u>** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |
| (ဂ) | **<u>ဝေဝေဆာဆာပဒေသာဆု</u>** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **<u>ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု</u>** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေ အပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၂-၂၀၂၄) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို နေ့လယ် (၀၂:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။


### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၆၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆) ထပ်တိုက်၏ ပထမထပ်၊ (၂-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅x၅၀) ပေခန့်ရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးမြင့်ကိုကို [၁၂/လသန(နိုင်) ၀၀၉၃၁၉]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၀၊ မြေကွက်အမှတ်- ၃၆-ဘီ၊ နှစ်(၆၀) ဂရန်မြေအမျိုးအစား၊ ဧရိယာ (၀.၀၇၁)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် (၁၇/ခ)၊ အနောက်ရွှေဂုံတိုင် (၄)လမ်း၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအား အမည်ပေါက် ဦးတင်ကြည် (ဘ) ဦးကြူ [၁၂/ဗဟန(နိုင်)၀၃၇၈၆၂]က ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ရောင်းချသဖြင့် ကျွန်မ၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်ဝင်းမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၄၉၄၂/၁၉၈၉)**
**တိုက် (I)၊ အခန်း (203)၊ Pinlon Village Residences၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၂၀၈၅၈**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့ တော်အိမ်ရာ စီမံကိန်း၊ (Star City)အတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ် (CL9)၊ အခန်းအမှတ်(၃၀၁) Type(3-Bedroom)၊ Area (၉၅၈)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းထိုက် [၇/ပမန(နိုင်) ၁၁၃၅၁၈]ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအထွန်း**
**[၁၃/ကမန(နိုင်)၀၈၃၁၈၁]**
**ဖုန်း-၀၉-၅၀၅၀၉၈၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ **Block No. 24.A, Plol No. 17.A1, 17.A2, 17. A3, 17.A4, 41** ပေါ်တွင် ဆောက်လုပ်ထားသော **The Park ကွန်ဒို၊ Unit: H၊ Floor Level-7 ၊ Tower-3**၊ စတုရန်းပေ (၁၇၈၄)ပေ အကျယ်ရှိ **The Park** ကွန်ဒိုနှင့် ယင်းကွန်ဒိုပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးလမ်းမနှင့် ကံဘဲ့လမ်းထောင့်၊ **The Central Show Gallery** ပေါ်တွင်တည်ရှိသော **GREEN URBAN VENTURES COMPANY LIMITED** မှ တရားဝင်ဆောက်လုပ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်ဖြစ်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ဦးဟိန်းထက်ဝင်း [၁၂/လမန(နိုင်) ၁၄၇၇၂၈] နှင့် ဒေါ်သီတာလင်း(ခ)အေးအေးဆွေ [၁/မညန(ဧည့်) ၀၀၀၅၇၈]တို့က အဆိုပါကွန်ဒိုကို ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ **(၁၄)ရက်**အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဟိန်းထက်ဝင်း** | **ဒေါ်သီဂီစိုး** |
| **[၁၂/လမန(နိုင်)၁၄၇၇၂၈]** | **(LL.B,D.B.L, D.I.L, D.I.PL, D.M.L)** |
| **ဒေါ်သီတာလင်း(ခ)အေးအေးဆွေ** | **အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)** |
| **[၁/မညန(ဧည့်)၀၀၀၅၇၈]** | **အမှတ်(၃၁/A)၊ မြေညီထပ်(B-1)၊ ကန်လမ်း၊** |
| | **ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈** |

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ အောင်သိဒ္ဓိ(၃)လမ်း၊ မြေကွက်အမှတ်(၃၁၉)၊ မြေဧရိယာ (၄၀×၆၀)ပေ ရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေဧရိယာ (၂၀×၆၀)ပေရှိ ခြေရင်းဘက်ခြမ်း၊ ဂရန်(မိတ္တူ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေယာ စီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်းတွင်ဗိုလ်**မှူးထွန်းထွန်းစိုး** အမည်ပေါက်ပြီး ၎င်းထံမှ တရားဝင်ဆက်စပ်စာချုပ်များဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးလှမျိုး (၉/နထက(နိုင်)၁၉၂၃၅၆)** က ဥပဒေနှင့်အညီတရားဝင် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အားကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းတို့ကို တစ်နည်း နည်းဖြင့်(လုံးဝ)မပြုလုပ်ရန်နှင့် အခြားသောကိစ္စအရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ပြုလုပ်ပါက တရား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)
အမှတ်(၁၀၁)၊ပထမထပ်၊(၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။၀၉-၄၃၂၀၇၃၃၉၊၀၉-၄၂၀၀၈၇၁၇၇၊

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဝါဆို)၊ မြေကွက်အမှတ်(၃၇၇)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်- ၂၀၊ အောင်သရဖူလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးကျော်ခင် [၁၂/ဒပန (နိုင်) ၀၁၂၉၄၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ခင်[၁၂/ဒပန (နိုင်) ၀၁၂၉၄၄] (ဖခင်/ယောက္ခထီး)၊ ဒေါ်စောကြည်(မိခင်/ယောက္ခမ)၊ ဦးထွန်းရီ(သား/ခင်ပွန်း)၊ ဦးထွန်းကြည် (သား/ခင်ပွန်း)တို့ အသီးသီးကွယ်လွန်သဖြင့် ဦးတင်ထွဋ် [၁၄/ညတန(နိုင်)၀၈၄၄၀၁]၊ ဒေါ်ခင်သိန်းစီ [၁၂/ဒပန(နိုင်)၀၁၂၉၄၆]၊ ဦးမောင်မောင်အေး [၁၂/ဒပန(နိုင်) ၀၁၃၀၀၄]၊ ဒေါ်အေးစန်း[၁၂/ဒပန(နိုင်)၀၁၃၆၃၁]၊ ဒေါ်အေးအေးရီ [၁၂/ဒပန (နိုင်) ၀၁၃၀၅၁]တို့မှ ကွယ်လွန်သူ မိဘများတွင် ဦးတင်ထွဋ်၊ ဒေါ်ခင်သိန်းစီ၊ ဦးမောင်မောင်အေး၊ ဦးထွန်းရီ၊ ဦးထွန်းကြည် စုစုပေါင်း မောင်နှမ (၅)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားသော သားသမီး မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မြေအမည်ပေါက်၏ ကျန်သားသမီးအရင်း (၃)ဦးနှင့် ဦးထွန်းရီ(ကွယ်လွန်)၏ဇနီး ဒေါ်အေးစန်း၊ ဦးထွန်းကြည် (ကွယ်လွန်)၏ဇနီး ဒေါ်အေးအေးရီ၊ ချွေးမတော်စပ်သူ (၂)ဦး ၎င်းတို့ (၅)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒေါ်စောကြည်သည် (၂၅-၄-၁၉၉၂)ရက်နေ့တွင် ကွယ်လွန်သည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံစာ၊ ဒေါ်စောကြည်၏သေစာရင်းမှတ်တမ်းမှာရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ၂၅-၁-၂၀၂၄ ရက်စွဲပါ အကြောင်းပြန်ကြားစာ၊ ဦးကျော်ခင်၊ ဦးထွန်းရီ၊ ဦးထွန်းကြည်တို့၏ သေဆုံးမှုလက်မှတ်များ၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၄)နေ ဦးဝေဖြိုးထွန်း (ဘ) ဦးအောင်မျိုး [၈/ရနခ(နိုင်)၁၅၀၉၆၅] ကိုင်ဆောင်သူမှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချမည့် ရေသန့်လုပ်ငန်းလုပ်ကိုင်ရာတွင် မိမိကိုယ်ပိုင်ကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၂-၁၁-၂၀၂၄) ရက်နေ့၌ တရားဝင်မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည် -




**မှတ်ပုံတင်အမှတ် (၄/၉၃၀၂/ ၂၀၂၄)**

သို့ဖြစ်ပါ၍ ရေသန့်လုပ်ငန်းလုပ်ကိုင်ရာတွင် မိမိကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ် အသုံးပြုမည့် အထက်ဖော်ပြပါ $PH_7$ ကုန်အမှတ်တံဆိပ်အား အခြားသူတစ်ဦးတစ်ယောက်မှ ထင်ယောင်ထင်မှားဖြစ်စေရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား အတုအပပြုလုပ်ခြင်းများ မပြုလုပ်ရန် အသိပေးတားမြစ်အပ်ပါသည်။

**ဦးဝေဖြိုးထွန်း**
**[၈/ရနခ(နိုင်)၁၅၀၉၆၅]**
**09-269294168**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း၊ သရဖီလမ်းနှင့်(၁၅)လမ်းထောင့်၊ အမှတ်(၁၄၅၀)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူမြင့် [၃/ကကရ(နိုင်)၀၃၉၆၆၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၄ အောင်စေတီစီမံချက်)၊ မြေကွက်အမှတ်(၁-ခ/B-၁၅၁)(တစ်နည်းအားဖြင့်ဆိုလျှင်) အမှတ်(၇၇၅/A)၊ ဗိုလ်တေဇလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အကျယ်(၀.၀၃၇)ဧက၊ (၁၆၁၅.၅၁၂၅) စတုရန်းပေရှိ ဦးသက်ဇင်စိုးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်၊ မြေနှင့်မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ရောင်းချသူ ဒေါ်ခင်မာကြူ [၁၂/ဗဟန(နိုင်)၀၁၄၂၈၀] မှ စာချုပ်အဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းသာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန်စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲသဲဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၀၇၇/၂၀၂၂)**
**အမှတ်(၂၀)၊ နေလအိမ်ရာ၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:၀၉-၉၇၅၄၈၉၈၀၉၊ ၀၉-၂၅၄၅၄၈၄၈၁**

## ဒေါ်ချစ်မြမြငြိမ်း [၁၂/ကခက(နိုင်)၀၆၄၇၆၆] နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းကျေးရွာနေ အဖ ဦးတင်ချစ်၏ သမီးဒေါ်ချစ်မြမြငြိမ်း မှတ်ပုံတင်အမှတ် [၁၂/ကခက(နိုင်)၀၆၄၇၆၆]သည် Asia Express(Ygn) Co.,Ltd.၏ ဝယ်ယူရေးဌာနတွင် စာရေးရာထူးကို(၃နှစ်ကြာ) တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်း၏သဘောဆန္ဒအရ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် လက်ခုပ်ကုန်းကျေးရွာရှိ ၎င်းအိမ်တွင် ဦးတင်ချစ်အမည်ဖြင့် လျှပ်စစ်ပစ္စည်းဆိုင်နှင့် နေအိမ်များအား မီးသွယ်တန်းခြင်း(ကန်ထရိုက်)လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ နုတ်ထွက်ပြီးချိန်မှစ၍ သူမနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် Asia Express(Ygn)Co.,Ltd. နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း၊ Asia Express(Ygn) Co.,Ltd.၏အမည်ကို အသုံးပြု၍ တစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဒေါ်ချစ်မြမြငြိမ်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**Asia Express (Ygn) Co.,Ltd.**
**တိုက် (D) မြေညီထပ်, Pearl Condo.**
**ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကန်လေးစုလမ်း၊ (၂)ရပ်ကွက်၊ တိုက်အမှတ် (၃၁/၃၃)ပေါ်ရှိ ၅-ထပ်တိုက်၏ ပျမ်းမျှအလျား ၁၀ ပေ x အနံ ၄၈ ပေ အကျယ်အဝန်းရှိ (ည/B-2)ဟုခေါ်တွင်သော ရေမီးအစုံပါဝင်သော ပထမထပ်ခြေရင်းခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အား မိမိတစ်ဦးတည်းသာ အမှန်တကယ် လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသူ ဒေါ်အေးအေးအောင် မှတ်ပုံတင်အမှတ် [၁၂/မရက(နိုင်)၁၁၅၅၄၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်သောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်သူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသူ LL.B, D.B.L,WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၂၉၃၄ )**
**အမှတ် (၁၆/က)၊ အခန်း (၂)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊**
**မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၅၇၀၂၆၊ ၀၁-၅၀၀၂၁၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ သီတာရေစင်လမ်း၊ အမှတ်(၆၁၃)နေ ဦးဟန်စိန် [၁၂/လသန(နိုင်)၀၀၈၆၄၃] နှင့် ဒေါ်သန်းသန်းဌေး [၁၂/လသန(နိုင်)၀၁၃၅၈၃] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄(C)(S-89)၊ မြေကွက်အမှတ်(၂၄၉)၊ အကျယ်အဝန်း (၃၀x၆၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၂)ခန်းတွဲ (၈ ½) အဆောက်အဦ၏ တိုက်အားမျက်နှာမူလျှင် (ညာဘက်ခြမ်း)၊ ပဉ္စမထပ်(၆)လွှာ၊ အကျယ်အဝန်း(၁၅ပေx၅၄ပေ)ရှိ တိုက်ခန်းအား ဒေါ်နီလာဝင်း[၉/မထလ(ဧည့်)၀၀၀၀၆၅]ထံမှ ဝယ်ယူပြီး လက်ရောက်ပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများသည် တိုက်ခန်းအားဝယ်ယူပြီးနောက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ ငှားရမ်းခြင်း လုံးဝမရှိခဲ့ပါ။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်းဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၁၇၀)**
**ဖုန်း - ၀၉-၄၂၀၁၈၀၃၀၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ တနင်္သာရီလမ်း၊ မြေကွက်အမှတ်(၅၅၀)ဟုခေါ်တွင်သော ဦးတင်လှအမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေအကျယ်(၄၀ x ၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းသန်းဝင်း [၁၂/သဃက(နိုင်)၀၁၄၉၆၂]မှ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်းဝင်း [၁၁/စတန(နိုင်)၀၆၂၆၃၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ -**
**ဦးသန်းထွန်းဝင်း**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်း(၁)၊ (၁၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၃၅၁)နေ ကျွန်မ ဒေါ်ချိုချိုမြင့် [၁၂/ဥကတ(နိုင်)၁၀၀၀၀၆] မှ (၇-၅-၂၀၁၉) ရက်နေ့တွင် ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးသန်းဇော်[၁၂/ဥကတ(နိုင်)၁၀၀၄၀၁] နှင့် ဒေါ်ကြည်ကြည်ထွေး [၁၂/ဥကတ(နိုင်)၁၂၉၀၁၁]တို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၈၅၈/၂၀၁၉)အား လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ပါသဖြင့် ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ချိုချိုမြင့် [၁၂/ဥကတ(နိုင်)၁၀၀၀၀၆]**
**Ph:09-254177498**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၆၀

မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (၎င်းကိုယ်စား လက်ထောက်မန်နေဂျာ ဒေါ်ခိုင်မိုးလွင်) နှင့် ၁။ ဦးထွန်းလှ ၂။ ဦးမင်းမျိုးအောင်

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၃၇၂/က)နေ ၁။ ဦးထွန်းလှ ၂။ ဦးမင်းမျိုးအောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ **တရားလိုက ပိုင်ဆိုင်မှုစာချုပ်စာတမ်းပေးအပ်၍ ပေါင်နှံမှု၌ အပေါင်ပစ္စည်းရောင်းချလိုမှု** စွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်)နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်(၁)အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သူဇာလှိုင်ချို)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## "တင်ဒါခေါ်ယူခြင်း"

(၁) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ/စီမံကိန်းရပ်ကွက်အတွင်း တည်ထားကိုးကွယ်တော်မူသော ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန် ရွှေမိုက်လုပ်ငန်းရှင်နှင့် ရွှေချလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(၂) တင်ဒါပုံစံရောင်းချမည့်ရက် (၂၉-၁၁-၂၀၂၄) မှ (၂၉-၁၂-၂၀၂၄)ရက်ထိ

(၃) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းမည့်နေရာ -
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ/စီမံကိန်းရပ်ကွက်၊ ဆုတောင်းပြည့်ရန်မျိုးအောင်စေတီတော်။

(၄) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ရွှေမိုက်တင်ဒါ (၁၅-၁၂-၂၀၂၄) ရက်မှ
ရွှေချတင်ဒါ (၂၉-၁၂-၂၀၂၄) ရက်ထိ

(၅) အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။
ဂေါပကရုံးဖုန်း - ၀၉-၆၇၅၃၇၇၉၂၆
အတွင်းရေးမှူး - ၀၉-၅၀၃၄၅၁၁
ဘဏ္ဍာရေးမှူး - ၀၉-၅၀၁၉၅၇၅

**ဦးသန်းအောင်(ဥက္ကဋ္ဌ)**
**ဆုတောင်းပြည့်ရန်မျိုးအောင်စေတီတော်ဂေါပက**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တိုးချဲ့(ပေါက်တော)၊ မြေကွက်အမှတ်(၄၁/B)၊ ဧရိယာ(၀.၀၄၁၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ အမှတ်(၄၁/B) ဟုခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုစုသင်း [၁၂/အစန(နိုင်)၁၈၂၈၄၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(LL.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်-၁၉၂၁၂)** | **(စဥ်-၅၆၅၆၆)** | **(စဥ်-၅၆၅၆၅)** |

**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၈)လမ်း၊ အမှတ်(၂၂၈/ခ) မြေကွက်ပေါ်ရှိ စတုတ္ထထပ်(၅-လွှာ)၊ အကျယ်အဝန်း (၅၄)ပေx(၁၈)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိအိသန်းထွန်း [၁၂/ဥကမ(နိုင်)၁၈၉၂၃၃] ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၁၇၁/၂၀၂၃)အရ ဦးမြင့်သန်းထွန်း[၁၂/ဥကမ(နိုင်)၁၃၀၉၃၄] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မေကြည်ဝင်း[၁၂/ဥကမ(နိုင်)၁၃၁၁၂၈]၊ ဦးဝေလင်း[၁၂/ဥကမ(နိုင်)၁၁၆၂၈၄]၊ ဦးကျော်စွာထွန်း [၁၂/ဥကမ(နိုင်)၁၉၁၈၀၇]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါမွန် (LL.B) အထက်တန်းရှေ့နေ (စဥ်-၄၈၉၂၂)**
**အမှတ်(၁၂၂၄)၊ သုဇာတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph:09-263630989, 09-785474591**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၆)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၁၅၉) ဟုခေါ်တွင်သော အလျား(၃၀)ပေxအနံ(၅၀)ပေ ဦးသိန်းအောင်အမည်ပေါက်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သစ်သားအိမ်(၁)ထပ်တစ်လုံးသည် ဖခင်ဦးသိန်းအောင်နှင့် မိခင်ဒေါ်ဝင်းကြည်တို့ ကွယ်လွန်ပြီးနောက် မောင်နှမ(၅)ဦးဖြစ်ကြသော (၁) ဦးစိုးဝင်းအောင်(ခ)ကိုအာလူး၊ (၂)ဒေါ်ခိုင်ခိုင်မြင့်၊ (၃) ဒေါ်လှိုင်လှိုင်တင့်၊ (၄) ဦးနေလင်း၊ (၅) ဦးကျော်ဆန်းလွင်တို့၏ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရှိခဲ့ပါသည်။ ထိုကျန်ရှိသောအမွေဆိုင်ပစ္စည်းအား (၂၅-၁၁-၂၀၂၄) ရက်နေ့တွင် "မိသားတစ်စုစီမံမှုပုံသေပေးအပ်ခြင်းကတိစာချုပ်" ဖြင့် ကျန်မောင်နှမ(၄)ဦးမှ ဦးစိုးဝင်းအောင် (ခ)ကိုအာလူး [၁၂/ဥကမ(နိုင်)၀၂၀၈၃၂] အား ၎င်း၏အမွေဝေစု(၁)စုကို အပြီးအပြတ်ခွဲဝေပေးအပ်ခဲ့ပြီးဖြစ်၍ နောက်နောင်တွင် အမွေပစ္စည်းနှင့် လုံးဝသက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)**
**စဥ်-၁၈၀၃၀ (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၂၇/၂၉၊ ဒုတိယထပ်၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၂၆၀၄၀၁၀၇၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ (၁/န)မေဃဝတီတိုးချဲ့(၁၅)လမ်း၊ (အနောက်ဘက်)၊ ဇောတိကလမ်းမ၊ အမှတ်(၁၁၄၇)ရှိ အလျား (၄၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်(၁)ကွက်နှင့် အမှတ်(၁၁၄၆)ရှိ အလျား (၄၀)ပေ x အနံ (၆၀)ပေရှိ မြေကွက်(၁)ကွက် စုစုပေါင်းမြေကွက်(၂)ကွက် အလျား(၈၀)ပေxအနံ(၆၀)ပေရှိ မြေကွက်များနှင့် ၎င်းမြေကွက်များပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းအေးအေးခိုင် [၁၃/နခန(နိုင်)၀၅၉၄၉၈]သည် ဦးကျော်သူလင်း [၁၂/ဒဂဆ(နိုင်)၁၁၅၈၀၇]ထံမှ ဥပဒေနှင့်အညီ ဝယ်ယူ၍ တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိရာ အထက်ပါမြေကွက်များနှင့်ပတ်သက်ပြီး ဒေါ်နန်းအေးအေးခိုင် [၁၃/နခန(နိုင်)၀၅၉၄၉၈] မှ ဥပဒေနှင့်အညီ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းအေးအေးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇေယျာထွန်း(စဥ်-၁၁၂၈၄)** | **ဒေါ်သီတာလှိုင် (စဥ်-၁၃၃၅၇)** |
| **(တရားလွှတ်တော်ရှေ့နေ)၊** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်-၄/၂၁၃၊ နိဗ္ဗာန်(၄)လမ်း၊ ဇရပ်ကွင်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၉၆၁၀၁၄၊ ၀၉-၄၀၂၅၃၂၄၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ရော(၄)လမ်း၊ မြေကွက်အမှတ်(၈၀၉ ၁/၂) ဟုခေါ်တွင်သော ဦးကြည်စိုး [၁၂/ဥကမ(နိုင်)၀၆၁၇၃၂] မှ အမည်ပေါက်ဖြစ်သော နှစ်(၆၀)မြေငှားဂရန်အမျိုးအစားဖြစ်သည့် အကျယ်အဝန်း (၂၀x ၆၀) ပေအနက်မှ ခေါင်းရင်းဘက်ခြမ်း (၁၀x၆၀) ပေအား ယခုပိုင်ဆိုင်ထားသူ ဒေါ်မကျော့စိန် [၁၁/စတန(နိုင်)၀၀၆၉၉၅]မှ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူထွန်း [၁၂/ဒဂဆ(နိုင်)၀၀၆၇၄၂]၊ ဒေါ်ယဉ်သူသိမ့် [၇/ပမန(နိုင်)၁၆၃၉၂၆] တို့မှ ဝယ်ယူရန်အတွက် ရောင်းချတန်ဖိုးငွေအချို့အား စရန်အဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်သူ (LL.B) အထက်တန်းရှေ့နေ (စဥ်-၄၀၆၉၈)**
**အမှတ်(၂၃)၊ မြင်သာ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၃၀၂၀၄၁၄၊ ၀၉-၉၄၀၈၈၁၄၁၄**

## တောင်ကြီးတက္ကသိုလ်
## အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်(နေ့သင်တန်း)နှင့် ၂၀၂၃ ပညာသင်နှစ်(အဝေးသင် သင်တန်း)တို့၏ တောင်ကြီးတက္ကသိုလ်မှ ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ကျင်းပမည်ဖြစ်ရာ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုမရှိသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁)**
**(၁)(၇-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၁(တကတ) မှ ၄-မ-၈၅(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၁(တကတ) မှ ၄-အ-၇၄(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၁(တကတ)မှ ၄-ပ-၆၈ (တကတ) ထိ |
| | ဒဿနိကဗေဒ | ၄-ဒ-၁(တကတ)မှ ၄-ဒ-၂၈ (တကတ) ထိ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၄-ဓ-၁(တကတ)မှ ၄-ဓ-၄၉ (တကတ) ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၂)**
**(၂)(၇-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၈၆(တကတ)မှ ၄-မ-၁၇၀(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၇၅(တကတ)မှ ၄-အ-၁၄၁(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၆၉(တကတ)မှ ၄-ပ-၁၃၈(တကတ) ထိ |
| | ဒဿနိကဗေဒ | ၄-ဒ-၂၉(တကတ)မှ ၄-ဒ-၅၀(တကတ) ထိ |
| | | ၄-ဒ-၁(ဝ၂၂)မှ ၄-ဒ-၇ (ဝ၂၂) ထိ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၄-ဓ-၅၀(တကတ)မှ ၄-ဓ-၉၄(တကတ) ထိ |
| | ဓာတုဗေဒ | ၄-ဓ-၁(ဝ၂၂)မှ ၄-ဓ-၁၂ (ဝ၂၂) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ပထမနေ့ [အပိုင်း(၁)၊ အပိုင်း(၂)] အတွက် (၆-၁၂-၂၀၂၄) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၃)**
**(၃)(၈-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၁၇၁(တကတ)မှ ၄-မ-၂၅၃(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၁၄၂(တကတ)မှ ၄-အ-၂၀၈(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၁၃၉(တကတ)မှ ၄-ပ-၂၀၆(တကတ) ထိ |
| | စိတ်ပညာ | ၄-စ-၁(တကတ)မှ ၄-စ-၃၁(တကတ) ထိ၊ |
| | | ၄-စ-၁(ဝ၂၂) |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄-သခ-၁(တကတ)မှ ၄-သခ-၄၄(တကတ) ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၄)**
**(၄)(၈-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၂၅၄(တကတ)မှ ၄-မ-၃၃၇(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၂၀၉(တကတ)မှ ၄-အ-၂၇၆(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၂၀၇(တကတ)မှ ၄-ပ-၂၇၇(တကတ) ထိ |
| | စီးပွားစီမံပညာ | ၄-စစ-၁(တကတ)မှ ၄-စစ-၃၅ (တကတ) ထိ |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄-သခ-၄၅(တကတ)မှ ၄-သခ-၉၂(တကတ) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ဒုတိယနေ့ [အပိုင်း(၃)၊ အပိုင်း(၄)] အတွက် (၆-၁၂-၂၀၂၄) ရက်နေ့ မွန်းလွဲ (၁ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၅)**
**(၅)(၁၄-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၃၃၈(တကတ)မှ ၄-မ-၄၂၁(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၂၇၇(တကတ)မှ ၄-အ-၃၄၅(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၂၇၈(တကတ)မှ ၄-ပ-၃၅၂(တကတ) ထိ |
| | အရှေ့တိုင်းပညာ | ၄-အရ-၁(တကတ)မှ ၄-အရ-၃၄(တကတ) ထိ |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄-သခ-၉၃(တကတ)မှ ၄-သခ-၁၂၁(တကတ) ထိ |
| | | ၄-သခ-၁(ဝ၂၂)မှ ၄-သခ-၂၄(ဝ၂၂) ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၆)**
**(၆)(၁၄-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၄၂၂(တကတ) မှ ၄-မ-၅၀၄(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၃၄၆(တကတ) မှ ၄-အ-၃၉၅(တကတ) ထိ၊ |
| | | ၄-အ-၁(ဝ၂၂)မှ ၄-အ-၃၀(ဝ၂၂) ထိ |
| | ပထဝီဝင် | ၄-ပ-၃၅၃(တကတ)မှ ၄-ပ-၄၂၅(တကတ) ထိ |
| | အရှေ့တိုင်းပညာ | ၄-အရ-၃၅(တကတ)မှ ၄-အရ-၆၅(တကတ) ထိ |
| | | ၄-အရ-၁(ဝ၂၂)မှ ၄-အရ-၄(ဝ၂၂) ထိ |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄-သတ-၁(တကတ)မှ ၄-သတ-၄၀(တကတ) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် တတိယနေ့[အပိုင်း(၅)၊အပိုင်း(၆)]အတွက် (၁၃-၁၂-၂၀၂၄) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၇)**
**(၇)(၁၅-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၅၀၅(တကတ) မှ ၄-မ-၅၉၆(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၄၂၆(တကတ)မှ ၄-ပ-၅၀၅(တကတ) ထိ |
| | သမိုင်း | ၄-သ-၁(တကတ)မှ ၄-သ-၄၇(တကတ) ထိ |
| | ဥပဒေပညာ | ၅-ဥ-၁(တကတ)မှ ၅-ဥ-၃၅(တကတ)ထိ |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄-သတ-၄၁(တကတ)မှ ၄-သတ-၇၇(တကတ) ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၈)**
**(၈)(၁၅-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၅၉၇(တကတ) မှ ၄-မ-၆၈၈(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၅၀၆(တကတ)မှ ၄-ပ-၅၈၇(တကတ) ထိ |
| | သမိုင်း | ၄-သ-၄၈(တကတ)မှ ၄-သ-၉၉ (တကတ) ထိ |
| | ဥပဒေပညာ | ၅-ဥ-၃၆(တကတ)မှ ၅-ဥ-၇၀(တကတ)ထိ၊ |
| | | ၅-ဥ-၁(ဝ၂၂)မှ၅-ဥ-၃(ဝ၂၂)ထိ |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄-သတ-၇၈(တကတ)မှ ၄-သတ-၁၀၈(တကတ) ထိ |
| | | ၄-သတ-၁(ဝ၂၂)မှ ၄-သတ-၁၁(ဝ၂၂) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် စတုတ္ထနေ့ [အပိုင်း(၇)၊ အပိုင်း(၈)]အတွက် (၁၃-၁၂-၂၀၂၄) ရက်နေ့ မွန်းလွဲ (၁ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၉)**
**(၉)(၂၁-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၆၈၉(တကတ) မှ ၄-မ-၇၆၅(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၅၈၈(တကတ)မှ ၄-ပ-၆၆၈(တကတ) ထိ |
| | သမိုင်း | ၄-သ-၁၀၀(တကတ)မှ ၄-သ-၁၄၈(တကတ) ထိ |
| | စီးပွားရေးပညာ | ၄-စီး-၁(တကတ)မှ ၄-စီး-၄၀(တကတ)ထိ |
| သိပ္ပံဘွဲ့ | ရူပဗေဒ | ၄-ရပ-၁(တကတ)မှ ၄-ရပ-၆၀(တကတ) ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁၀)**
**(၁၀)(၂၁-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၇၆၆(တကတ) မှ ၄-မ-၈၄၇(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၆၆၉(တကတ)မှ ၄-ပ-၇၄၃(တကတ) ထိ |
| | သမိုင်း | ၄-သ-၁၄၉(တကတ)မှ ၄-သ-၁၉၇ (တကတ) ထိ |
| | စီးပွားရေးပညာ | ၄-စီး-၄၁(တကတ)မှ ၄-စီး-၇၈(တကတ)ထိ |
| သိပ္ပံဘွဲ့ | ရူပဗေဒ | ၄-ရပ-၆၁(တကတ)မှ ၄-ရပ-၁၁၅(တကတ) ထိ၊ |
| | | ၄-ရပ-၁(ဝ၂၂)မှ ၄-ရပ-၁၃(ဝ၂၂) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ပဉ္စမနေ့ [အပိုင်း(၉)၊ အပိုင်း(၁၀)] အတွက် (၂၀-၁၂-၂၀၂၄) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁၁)**
**(၁၁)(၂၂-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၈၄၈(တကတ) မှ ၄-မ-၉၅၇(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၇၄၄(တကတ)မှ ၄-ပ-၈၄၂(တကတ) ထိ |
| | သမိုင်း | ၄-သ-၁၉၈(တကတ)မှ ၄-သ-၂၅၁(တကတ) ထိ |
| | စီးပွားရေးပညာ | ၄-စီး-၇၉(တကတ)မှ ၄-စီး-၁၁၇(တကတ)ထိ၊ |
| | | ၄-စီး-၁(ဝ၂၂)မှ၄-စီး-၅(ဝ၂၂)ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁၂)**
**(၁၂)(၂၂-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၉၅၈(တကတ) မှ ၄-မ-၁၀၃၃(တကတ) ထိ၊ |
| | | ၄-မ-၁(ဝ၂၂) မှ ၄-မ-၇၇(ဝ၂၂) ထိ |
| | ပထဝီဝင် | ၄-ပ-၈၄၃(တကတ)မှ ၄-ပ-၈၄၅(တကတ) ထိ၊ |
| | | ၄-ပ-၁(ဝ၂၂) မှ ၄-ပ-၉၀(ဝ၂၂) ထိ |
| | သမိုင်း | ၄-သ-၂၅၂(တကတ)မှ ၄-သ-၂၇၄(တကတ)ထိ၊ |
| | | ၄-သ-၁(ဝ၂၂)မှ ၄-သ-၅၉(ဝ၂၂)ထိ |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒ | ၄-ရခ-၁(တကတ)မှ ၄-ရခ-၅၀(တကတ) ထိ၊ |
| | | ၄-ရခ-၁(ဝ၂၂)မှ ၄-ရခ-၁၁(ဝ၂၂) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ [အပိုင်း(၁၁)၊အပိုင်း(၁၂)] အတွက်(၂၀-၁၂-၂၀၂၄) ရက်နေ့ မွန်းလွဲ (၁ : ၃၀)နာရီ**

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁)**
**(၁) (၂၈-၁၂-၂၀၂၄)ရက်နေ့ နံနက်ပိုင်း၊ နံနက် (၉ : ၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒ၊ဇီဝဓာတုဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ဇီဝဓာတုဗေဒ၊ဘူမိဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ အထူးပြုအားလုံး။ |
| | ဇီဝဓာတုဗေဒ အထူးပြုအားလုံး။ |
| | ဘူမိဗေဒ အထူးပြုအားလုံး။ |

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၂)**
**(၂) (၂၈-၁၂-၂၀၂၄)ရက်နေ့ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂ : ၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ၊ ပထဝီဝင် အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | အင်္ဂလိပ်စာ၊ပထဝီဝင် အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ အထူးပြုအားလုံး။ |
| | ပထဝီဝင် အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ပထမနေ့ [အပိုင်း(၁)၊ အပိုင်း(၂)] အတွက် (၂၇-၁၂-၂၀၂၄) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၃)**
**(၃) (၂၉-၁၂-၂၀၂၄)ရက်နေ့ နံနက်ပိုင်း၊ နံနက် (၉ : ၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်း အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | သင်္ချာ၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | သမိုင်း၊အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သင်္ချာ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | သမိုင်း၊ အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | သင်္ချာ အထူးပြုအားလုံး။ |
| | သတ္တဗေဒ အထူးပြုအားလုံး။ |

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၄)**
**(၄) (၂၉-၁၂-၂၀၂၄)ရက်နေ့ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂ : ၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | စိတ်ပညာ အထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | စိတ်ပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာ၊ ဒဿနိကဗေဒ အထူးပြုအားလုံး။ |
| ဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဒီပလိုမာဘွဲ့ | စီးပွားရေးဥပဒေ အထူးပြုအားလုံး။ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ဒုတိယနေ့ [အပိုင်း(၃)၊ အပိုင်း(၄)] (၂၇-၁၂-၂၀၂၄) ရက်နေ့ မွန်းလွဲ (၁ : ၃၀)နာရီ**

ဘွဲ့နှင်းသဘင်တက်ရောက်ရန်ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို မိမိတို့ဘွဲ့ယူမည့် အပိုင်း၏အစမ်းလေ့ကျင့်ရက် မတိုင်မီ (၂)ရက်ကြိုတင်၍ တိုးချဲ့အားကစားရုံတွင် ထုတ်ပေးမည် ဖြစ်ပါသည်။

ဘွဲ့ဝတ်စုံများကို တောင်ကြီးတက္ကသိုလ် မိမိတို့ဘွဲ့ယူမည့် အပိုင်း၏ အစမ်းလေ့ကျင့်ရက် မတိုင်မီ(၂)ရက်ကြိုတင်၍ နံနက်(၉:၃၀)နာရီမှ စတင်ထုတ်ပေးမည်ဖြစ်၍ မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာကြရမည်ဖြစ်သည်။

**(နီနီအောင်)**
**မော်ကွန်းထိန်း**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**

---

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိုးစိုးဝင်း၏ သမီး မအိအိခိုင် [၁၄/ဝခမ(နိုင်)၃၁၃၆၅၈]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-691491920**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဟိန်းမင်းလတ် [၆/ကသန(နိုင်)ဝ၄ဝ၉၉၁] ၏ စက်ခန်းအုပ်လက်မှတ်(ပစအ-ဝ၃၃၅ -၁၈) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-451272662**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးတင်ရွှေ၏ သား ဦးအောင်ကိုဝင်း [၈/မလန(နိုင်)ဝ၇၁၁၆၉]၏ စက်ခန်းအုပ်လက်မှတ် CED-I 0139/22-23 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-ဝ၉-၂၅၆၃၄၇၈၅**

## ဖခင်အမည်မှန်

အမှတ်(၃)၊ အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် Grade-10မှ မောင်ရှင်းသန့်မောင် [၉/ဇယသ(နိုင်) ဝ၂၅၂၃၃]၏ ဖခင်အမည်မှန်မှာ ဦးမင်းသန်း [၉/စကတ(နိုင်) ဝ၇၅၈၇၂]ဖြစ်ပါကြောင်း။

**ဦးမင်းသန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ရန်ကုန်သစ်၊ မြေကွက်အမှတ် ( ၅၂၆ )၊ မြေကွက်တည်နေရာအမှတ် (၃၀)၊ ၄-လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးတင့်လွင် [၁၂/သဃက(နိုင်)ဝ၈၄၁၉၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးတင့်လွင်ထံမှ အရောင်းအဝယ်စာချုပ် အမှတ်-၂၄၅၉/ ၂၀၀၉ (၁၄-၈-၂၀၀၉)ဖြင့် တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏ အစိတ်အပိုင်း(Portion) (၂၀'x၆၀')ကို ဝယ်ယူထားသူ ဒေါ်ခင်ထွေးရီ [၁၂/ဥကတ(နိုင်) ၁၁၇၃၂၇] မှ အရောင်းအဝယ်စာချုပ်မူရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ တစ်ဖက်သတ် မြေတိုင်းနှင့် မြေကွက်ခွဲလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာအထက်(၄)လမ်း၊ အမှတ်- (၇၀၀/က) မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅-လွှာ) အကျယ် (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုစုစံစိန်ဝင်း [၁၂/ဥကတ(နိုင်)၁၈၁၃၁၁] ထံမှကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၇၁၉၃)**
**အမှတ်-၃၃/၂၊ ၃လမ်း၊ ၁၄/၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ဝ၉-၄၂၀၄၃၆၈၈၊ ဝ၉-၄၄၃၀၀၈၂၇၉**

## ဂရန်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန် ကြေညာခြင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ (၈)ရပ်ကွက်၊ သီရိပန်းခြံလမ်း၊ မြေကွက်အမှတ် (၂၂၆/ခ)၊ မြေအကျယ်ပေ(၂၀x၆၀)ရှိမြေကွက်သည် ဦးမင်းလွင် [၁၂/လမတ(ဧည့်)ဝဝဝ၂၇၃]၏ အမည်ပေါက်ဖြစ်ပြီး၊ ယင်းအမည်ပေါက်သည့် ဂရန်မူရင်းမှာ လွန်ခဲ့သော(၂၃-၉-၂၀၂၁)ရက်နေ့တွင် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍(၁)လအတွင်း (သို့မဟုတ်) ဖြစ်နိုင်ပါက ဆောလျင်စွာ ကျေးဇူးပြု၍ ဆက်သွယ်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံလျက် ထိုသို့ဆက်သွယ်ပြန်ကြားလာပါက အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုက်တန်စွာကျေးဇူးပြုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်ပြည့် သည့်တိုင် ဆက်သွယ်ပြန်ကြားမည့်သူမရှိပါက သက်ဆိုင်ရာဌာန၏ ညွှန်ကြားချက်အရ ခွင့်ပြုမည့်အချိန်တွင် ဂရန်ပျောက်ဖြင့် ပြန်လည်လျှောက်ထား၍ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| ညွှန်ကြားသူ- | ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်တင်တင်ရီ | ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B) |
| [၁၂/လမတ(နိုင်)ဝ၁ဝ၅၉၄] | တရားလွှတ်တော်ရှေ့နေ(စဥ်-၆၆ဝ၅)၊(၂၀-၇-၁၉၉၈) |
| | ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ |
| | မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-ဝ၉-၅၄ဝ၇၂၂၉ |

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း၊ ကံ့ကော်ရိပ်သာ(၂)၊ မြေကွက်အမှတ် (၁၀၀)၊ အကျယ်အဝန်း (၅၂၀၀) စတုရန်းပေရှိ ဇေကမ္ဘာ ကုမ္ပဏီလီမိတက် အမည်ပေါက်ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်တရားဝင်ပိုင်ဆိုင်သူ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်း၊ ဝန်ခံကတိပြုရောင်းချသူ ဦးခင်ရွှေ [၁၂/ဗဟန(နိုင်) ဝ၅၅၃၇၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူ၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့် ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ် (မူရင်း)များနှင့်အတူတကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းထက်ထက်ဇော်**
**(LL.B, D.B.L, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၇၁၇)**
**အမှတ်-၈၇၃၊ ကျော်သူလမ်း (၂၀)၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ဝ၉-၉၄၆၄၉၄၆၄၅၊ ဝ၉-၂၅၄၆၂၃၁၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ မြေကွက်အမှတ်(၅၀)၊ အလျား ၄၀ ပေxအနံ ၆၀ ပေရှိ ရန်စိုးလန်(Yan Soe Lang) [၁၃/မရန(ပြု)၀၀၀၀၈၆] အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှတရားဝင်မခွဲမစိတ်ရသေးသောအစိတ်အပိုင်းဖြစ်သည့် အလျား ၂၀ ပေxအနံ ၆၀ ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို (လမ်းမှမျက်နှာမူကြည့်ပါကညာဘက်ခြမ်း) မြေကွက်အမှတ်(၅၁)နှင့်ကပ်လျက်ဘက်အခြမ်းတွင် တည်ရှိသောမြေကွက်အား ဦးကျော်နိုင်[၇/ဝမန(နိုင်)၀၂၄၀၃၆]မှ အရပ်ကတိ ရောင်းဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုရောင်းချလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးရီ [၁၂/ဒဂရ(နိုင်)၀၀၉၃၃၂] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်လတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၀၀/၂၀၁၇)**
**အမှတ်(၆၂)၊ ပထပ်၊ အခန်း(၁၈)၊ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ၀၉–၄၅၀၅၂၅၃၄**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏အမှုသည်တို့တွင် ဖခင် ဦးအုံး မှတ်ပုံတင်အမှတ်[၁၂/ကမရ(နိုင်)၀၁၄၂၄၅]၊ မိခင် ဒေါ်သန်းမေ မှတ်ပုံတင်အမှတ် (အေဘီ–၀၃၇၁၈၀) တို့မှ မွေးချင်းသားသမီး(၆)ဦး မွေးဖွားခဲ့ပါသည်။ ၎င်းတို့မှာ ဦးခင်ဇော်၊ ဦးအောင်မြိုင်၊ ဒေါ်ခင်ခင်ကျော်၊ ဒေါ်အမာလေး၊ ဦးဘိုးပါ၊ ဦးအတာတို့ ဖြစ်ပြီး ကျန်လူများမှာ သေဆုံးပြီး သမီး ဒေါ်အမာလေးတစ်ဦးသာ ကျန်ရစ်ခဲ့ပါသည်။ မောင်နှမခြောက်ဦးတွင် ဦးဘိုးပါတစ်ဦးတည်းသာ အိမ်ထောင်ကျပြီး သမီးနှစ်ဦးမွေးဖွားခဲ့ပါသည်။ မသဲစုနွယ်နှင့် မဇာလီနွယ်တို့ ဖြစ်ပါသည်။ အမွေစား၊ အမွေခံအဖြစ် ဒေါ်အမာလေးသမီးနှင့် မြေးနှစ်ဦးဖြစ်သော မသဲစုနွယ်နှင့်မဇာလီနွယ်တို့သာ ရှိပါသည်။ ထို့ကြောင့် မိဘများပိုင်သော ယခု ဒေါ်အမာလေးတို့ နေထိုင်လျက်ရှိသည်။ အမှတ်(၈)၊ စံရိပ်ငြိမ်(၆)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်( ၁၈စီ / ၂၀ စီ )၊ ဧရိယာ (၀.၂၉)ဧကရှိ မြေကွက်နှင့် အိမ်အား ဒေါ်အမာလေး၊ မသဲစုနွယ်နှင့် မဇာလီနွယ်တို့မှ အမွေဆက်ခံသူများအဖြစ်ပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ မည်သူမှ ဤအိမ်အား ပေါင်ခြင်း၊ ရောင်းခြင်း၊ ဝယ်ယူခြင်းမပြုလုပ်ရန်နှင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာပြီး (၇)ရက်အတွင်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ပိုင်ဆိုင်ကြောင်းများကို ဌာနဆိုင်ရာအသီးသီးသို့ သွားရောက်ပြီး ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အမာလေး၊ မသဲစုနွယ်၊ မဇာလီနွယ်တို့၏ လွှဲအပ်ချက်အရ–**
**ဦးမင်းလွင် (B.A, H.G.P)**
**အထက်တန်းရှေ့နေ (စဉ်–၁၇၉၃၁)**
**ဖုန်း–09–448547401**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ City Loft အိမ်ရာ၊ တိုက်အမှတ်(CL–6 )၊ အခန်းအမှတ်(308)၊ (3rd Floor)၊ အခန်းအမျိုးအစား (2BR)၊ အကျယ်(710)စတုရန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းဇော်ဦး [၁၂/မဂတ(နိုင်)၀၇၂၄၃၂] နှင့် ဒေါ်အေမီသိန်းတန်[၁၂/တမန(နိုင်) ၁၁၄၂၅၂) တို့ နှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထွေးထိပ်တင်လွင် [၁၂/ရကန(နိုင်)၀၆၄၀၈၇] မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ (၂၁–၁၁–၂၀၂၄)ရက်နေ့တွင် အထက်ဖော်ပြပါ တိုက်ခန်းတန်ဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ကတိစာချုပ်ပြုလုပ်၍ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များ ယူဆောင်၍ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာသိန်း[M.Sc.(CS), PGDL]** **ဦးညီညီသိန်း[M.Sc.(CS), PGDL, DBL(UK)]**
**အထက်တန်းရှေ့နေ(စဉ်–၅၅၉၁၉)** **အထက်တန်းရှေ့နေ(စဉ် – ၅၅၈၅၃)**
**ရုံးခန်းလိပ်စာ–အမှတ်–၁၀၂(က)၊ ရွှေဝါ(၁)လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၉၇၃၈၆၂၄၇၇၊ ၀၉–၂၆၁၃၅၁၅၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–သကမ–၁၀၊မြေကွက်အမှတ်၄၉၃/က၊ဧရိယာ(၀.၀၂၇၅)ဧက၊မြေကွက်တည်နေရာအမှတ်–၄၉၃/က၊မန္တလေးလမ်း၊(၁၂)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးမျိုးဝင်း(၁၂/လမန(နိုင်)၁၂၆၄၁၇)၊ဒေါ်မွေးမွေး(U/RGN–၀၀၈၆၈၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူဦးမျိုးဝင်းထံမှ GPအမှတ်–၉၆၅၁/၂၀၁၆(၂၅–၁၀–၂၀၁၆)ရသူဦးဟိန်းစည်သူ(၉/ပဥလ(နိုင်)၀၀၈၇၈၇)နှင့်ကျန်အမည်ပေါက်–ဒေါ်မွေးမွေး(U/RGN–၀၀၈၆၈၀)တို့ပူးတွဲလျက်ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊GP၊GPပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာမြေရာဇဝင်မှတ်ချက်ရှိ၂၀၀၄ခုနှစ်တွင်ဦးမျိုးဝင်း+၁တို့မှဘဏ်ချေးမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ယင်းမြေပုံအားထုတ်ယူခဲ့သော်လည်းမည်သည့်ဘဏ်တွင်မျှငွေချေးယူခဲ့ခြင်းမရှိဘဲအဆိုပါဘဏ်ချေးမြေပုံမှာပျောက်ဆုံးခဲ့ကြောင်း၊အဆိုပါမြေပုံအားမည်သူ့တစ်ဦးတစ်ယောက်ကိုမျှရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်းထားခြင်းတို့မရှိကြောင်းအမည်ပေါက်ဦးမျိုးဝင်း၊ဒေါ်မွေးမွေးတို့ကိုယ်တိုင်မှကျမ်းကျိန်ဆိုတင်ပြလာသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးမောင်ညွန့် (သုံးဆယ်)
## (အရှေ့တောင်အာရှ လက်ဝှေ့ချန်ပီယံ)
## အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၃၄) ရပ်ကွက်၊ သင်းဝင်(၄)လမ်း၊ အမှတ်(၁၀၃၈)နေ ဒေါ်ခင်မေသင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကို–ဒေါက်တာတင်ဌေးအိ၊ ဦးတင်ထွန်းဦး–ဒေါက်တာနုနုရီ၊ ဦးအောင်ချို–ဒေါ်နန်းစောဥမ္မာဝင်း၊ (ဦးလင်းသန့်)–ဒေါ်နုနုကြည်၊ ဦးဌေးဝင်းအောင်–ဒေါ်ဥမ္မာညွန့်တို့၏ ချစ်လှစွာသော ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၉–၁၁–၂၀၂၄ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉–၁၁–၂၀၂၄ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃–၁၂–၂၀၂၄ (အင်္ဂါနေ့) နံနက် ၇:၃၀ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဦးမောင်ညွန့် (သုံးဆယ်)**
**(အရှေ့တောင်အာရှ လက်ဝှေ့ချန်ပီယံ)**
**အသက် (၉၃) နှစ်**

ဦးတင်ထွန်းဦး–ဒေါက်တာနုနုရီ [ပါမောက္ခချုပ်၊ အဝေးသင်တက္ကသိုလ်(ရန်ကုန်)] တို့၏ ဖခင် ဦးမောင်ညွန့် အသက် (၉၃) နှစ်သည် ၂၉–၁၁–၂၀၂၄ ရက် (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁)မှ**
**ညီအစ်ကို မောင်နှမများ**
**(နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်–အောက်မြန်မာပြည်)**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၈၄ နှင့် ဆက်နွယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၇၈**

| | | |
|---|---|---|
| Myanmar Land and Development Limited [၎င်းအတွက် ဒေါ်ချောစုယဉ် (အင်ဂျင်နီယာမှူးကြီး) ဒုတိယလုပ်ငန်းတာဝန်ခံ] | နှင့် | Glory Heyday Services Co., Ltd |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ ဗိုလ်တထောင်မြို့နယ်၊ (၅၂)လမ်း(အောက်)၊ အခန်းအမှတ်(၄၀၂)၊ (၃–လွှာ) အမှတ်(၁၇/၁၉)နေ တရားရှုံး Glory Heyday Services Co.,Ltd (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၈၄ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ Myanmar Land and Development Limited [၎င်းအတွက် ဒေါ်ချောစုယဉ် (အင်ဂျင်နီယာမှူးကြီး) ဒုတိယလုပ်ငန်းတာဝန်ခံ] က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ဝင်းမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၂)လမ်း၊ အမှတ်(၆၀၂/က)၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၆၀၂/က) မြေပေါ်ရှိ (၁)ခန်းတွဲ (၆)ထပ် ကန်ထရိုက်တိုက် အဆောက်အဦမှ (ဒုတိယထပ်) (၃)လွှာ၊ အကျယ်အဝန်း (အလျား ၁၈ ပေ x အနံ ၅၄ ပေ) အကျယ်ရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာထံမှ ဝယ်ယူပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်စုစုထွန်း [၁၂/ဥကတ(နိုင်)၁၃၉၀၀၇] နှင့် ဒေါ်မြမြသင်း [၁၂/အစန(နိုင်)၁၁၅၅၄၅] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၅၈)**
**အမှတ်–၅၀၊ ပထမထပ်၊ အခန်းအမှတ်(A–1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၆၄၆၆၇**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကျေးဇူးတင်ရှိခြင်း
## ဒေါ်ခင်ရီ (ခ) ဒေါ်ခေမာစာရီ
## အထက်တန်းပြ(ငြိမ်း)
## အ.ထ.က(၁) လမ်းမတော်(စိန့်ဂျွန်း)
## အသက် (၉၄) နှစ်

၁၈–၁၁–၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ခင်ရီ(ခ)ဒေါ်ခေမာစာရီ ကွယ်လွန်သည့်နေ့မှစ၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ အားပေးပံ့ပိုးပေးခဲ့ပါသော ကြံခင်းသီလရှင်ကျောင်းမှ ဆရာကြီးများ၊ ပြည်တွင်း၊ ပြည်ပ (စိန့်ဂျွန်းကျောင်း)မှ လုပ်ဖော်ကိုင်ဖက်ဆရာမကြီးများ၊ စိန့်ဂျွန်းကျောင်းသားဟောင်းများ၊ ငယ်သူငယ်ချင်းများ၊ ၁၉–ရပ်ကွက် နာကူအဖွဲ့နှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ 1982 Eco, C.P.A အပတ်စဉ် (၁၁) မှ သူငယ်ချင်းများ၊ ဗဟို(၆)စာရင်းရုံးနှင့် ကြေးမုံသတင်းစာတိုက်မှ လုပ်ဖော်ကိုင်ဖက်များ၊ PP လင်ဇီးဒဏ်ကြေလိမ်းဆေးလုပ်ငန်း၊ POP POP ကော်ဖီတို့မှ ဝန်ထမ်းများ၊ Htoo Mar & POP POP Co.,Ltd နှင့် Yadana tint.,Co. မိသားစုဝင်များအားလုံးနှင့်တကွ ကျေးဇူးတင်ထိုက်သူ ဆွေမျိုးမိတ်သင်္ဂဟအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါက်တာမြင့်သိန်း
**B.Sc, B.L, M.Sc, MA, Ph.D (UCLA)**
**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဥက္ကဋ္ဌ (ငြိမ်း)**
**မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့**
**Former Advisor, UNDP/FAO, UNDCP**
**အသက် (၉၀) နှစ်**

ရန်ကုန်မြို့နေ (ဦးလှမောင်–ဒေါ်မြမြ) တို့၏ သားထွေး၊ (ဦးလှအောင်–ဒေါ်အေးကြည်) တို့၏ သားသမက်၊ ဒေါ်တင်တင်နု၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစုစုအောင်–ဒေါက်တာတင်မောင်လှိုင်၊ (ဦးမောင်မောင်သိန်း)–ဒေါ်ငြိမ်းခိုင်လေး၊ ဒေါက်တာကိုကိုသိန်း–ဒေါက်တာခင်ငြိမ်းငြိမ်းအောင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ ဒေါက်တာချစ်စုတင်–ဒေါက်တာကိုကိုဦး၊ ဦးမြတ်ထက်သိန်း–ဒေါ်ရွှေးရွှေးငယ်၊ ဒေါ်သက်နှင်းဆက်၊ မမေမွန်သိန်းတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၉–၁၁–၂၀၂၄ ရက် နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ ဝေဘာဂီ)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၁၉၇)၊ မြေအကျယ်အဝန်း (၅၀ ပေ × ၅၀ ပေ)၊ ဧရိယာ(၂၅၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်နန်းတင်တင်ယဉ် (၁၃/လရန(နိုင်)၀၂၈၀၅၃)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေတို့ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန် အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၅၅၄)
**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်–၅၃၃၄၄)
**ဦးတိုးဝေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်–၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၄၂၈၀၂၂၃၈၄၊ ၀၉–၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ဃ၊ မြေကွက်အမှတ်(၅၂၂)၊ ၂၄၀၀စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၅၂၂)၊သိင်္ဂီလမ်း၊ (ဃ)ရပ်ကွက်၊ ဦးသိန်းဒန် [၁၂/ဥကမ(နိုင်)၀၃၀၅၀၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးသိန်းတန်(ခ)ဦးသိန်းဒန် (ဖခင်) (၄–၆–၂၀၁၀)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်ဝင်း(မိခင်)သည် (၂၈–၇–၂၀၁၃)ရက်နေ့တွင် အသီးသီးကွယ်လွန်ခဲ့ကြပြီး ဦးကွမ်းဇော်၊ ဒေါ်ခင်စောမြင့် [၁၂/ရကန(နိုင်)၀၂၇၆၂၃]၊ ဦးကိုကြီး(ခ)ကျော်သူ (၁၂/ဥကမ(နိုင်)၀၆၆၁၁၆)၊ ဦးသူရ [၇/ဇကန(နိုင်)၀၀၆၇၂၄]၊ ဒေါ်ခင်ယုလွင် [၁၂/ရကန(နိုင်)၀၂၈၅၆၈]၊ ဒေါ်ခင်လဲ့လွင် [၁၂/ဥကမ(နိုင်)၁၁၂၆၃၃] သား/သမီး(၆)ဦး မွေးဖွားခဲ့ရာ ဦးကွမ်းဇော်(သား)သည် (၁၅–၂–၂၀၀၈)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကိတ္တိမသား/သမီးမွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် ဒေါ်ခင်စောမြင့်၊ ဦးကိုကြီး(ခ)ကျော်သူ၊ ဦးသူရ၊ ဒေါ်ခင်ယုလွင်၊ ဒေါ်ခင်လဲ့လွင်တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီးများတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ အမှတ်–၃၄၀၃/၂၀၂၄/၃–၁၀–၂၀၂၄၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ ရေစိုစုတ်ပြဲပျက်စီးသွားပါကြောင်း၊ အခြားသူတစ်ပါးသို့ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့မရှိပါကြောင်း၊ ပြဿနာပေါ်ပေါက်ပါက မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိကျမ်းကျိန်အမှတ်–၃၄၀၃/ ၃–၁၀–၂၀၂၄၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ၁၃–၁၁–၂၀၂၄ ရက်စွဲပါဝင်စာအမှတ်–၁၄၂၅၆ ဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုပြီးနောက် ဂရန်မိတ္တူမှန်ပြန်လည်လျှောက်ထားရမည်ကိုသိရှိကြောင်း ဝန်ခံကတိတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမျိုးလွင်၏သား ဦးရန်အောင်ဖြိုး[၁၂/ရပသ(နိုင်)၀၇၈၅၁၉]၏ ပတ်စ်ပို့၊ CDC၊ All in one ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၄၆၃၄၀၂၈**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဝင်းအေး၏သား ဦးဇေယျာဝင်း[၁၂/ဒဂတ(နိုင်)၀၉၆၀၉၂]၏ All in one၊ SID ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၄၆၃၄၀၂၈**

## သွေးသည် အသက်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့် အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံ “ စီးပွားရေးပညာ နှစ် (၁၀၀) ” ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ“စီးပွားရေးပညာ နှစ် (၁၀၀) “ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II )၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့★**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံ “ စီးပွားရေးပညာ နှစ် (၁၀၀) ” ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




## ဆိုင်ကလုန်းမုန်တိုင်း“ဖန်ဂယ်လ်” မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဆိုင်ကလုန်းမုန်တိုင်း “ဖန်ဂယ်လ်” အခြေအနေ

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် **စာမျက်နှာ ၂၁ ကော်လံ ၁သို့❖**

## MNL ယူ-၂၀ လူငယ်လိဂ်တွင် ရခိုင်၊ ရန်ကုန်နှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၆)ပထမနေ့ကို နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပရာ ရခိုင်ယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိသည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ရာသီပိတ်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့ပြီး မြဝတီအသင်းမှာမူ အဆင့် ၁၁ နေရာဖြင့် ကျေနပ်ခဲ့ရသည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် စိုင်းခန့်မှူး၊ ၃၉ မိနစ်တွင် သော်ဇင်နိုင်တို့က သွင်းယူခဲ့သည်။ **စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂**




ရခိုင်ယူနိုက်တက်နှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ယနေ့ ဖတ်စရာ

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ မီဒီယာများမှ ရေးသားဖော်ပြထားသည့် မြန်မာ့တပ်မတော်(ရေ)မှ ပစ်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသအနီး ငါးဖမ်းနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဆိုသည့် သတင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက်**

စာမျက်နှာ » ၂၀